## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ပြည်ထောင်စုမြန်မာနိုင်ငံ၊ တရားလွှတ်တော်ချုပ်သို့ တင်သွင်းခဲ့သည့် ၁၉၅၉ ခုနှစ်၊ လွှဲအပ်မှုအမှတ် ၁ အား လေ့လာတင်ပြခြင်း

စာတမ်းပြုစုသူ - ဒေါ်လဲ့လဲ့နိုင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ၊

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် နေပြည်တော်

## မာတိကာ


၁။ နိဒါန်း

၂။ အမှုအကြောင်းအရာ အကျဉ်းချုပ်

၃။ သမတပေးသောလွှဲအပ်လွှာ

၄။ အမှုဆောင်ရွက်ပုံအဆင့်ဆင့်

၅။ လွှဲအပ်မှုသမိုင်းကြောင်း

၆။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ပုံ နှိုင်းယှဉ်ချက်

၇။ THE BURMA GENERAL CLAUSES ACT.[BURMA ACT I, 1898]နှင့်ဆက်စပ်ဥပဒေများ

၈။ အမှုပိတ်သိမ်းရသည့် အကြောင်းအရင်း

၉။ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းနှင့်ကျေအေးခြင်း

၁၀။ နိဂုံး

## နိဒါန်း

၁။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခြင်းနှင့်အတူ တစ်ပါတည်းဖြစ်ပေါ်လျှက်ရှိသည့် ဝါဒရေးရာနှင့်ပုဂ္ဂိုလ်ရေးရာတို့ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသောပဋိပက္ခများ၊ ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့်အတူ လွတ်လပ်ရေးကိုဦးဆောင်ကြိုးပမ်းခဲ့သော ဖဆပလအဖွဲ့ကြီး စည်းလုံးမှုပြိုကွဲပြီးနောက် နိုင်ငံ၏အခြေအနေမှာ များစွာယိုယွင်းဆိုးဝါးလာခဲ့သည်။ ထိုသို့ဆိုးဝါးလာသောနိုင်ငံရေးအခြေအနေကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကိုပါထိပါးလာခဲ့ပြီး စည်းလုံးမှုပြိုကွဲလာသည့် အခြေအနေကိုထိမ်းသိမ်းရန် ၁၉၅၈ခုနှစ်၌ အိမ်စောင့်အစိုးရဖွဲ့စည်း၍ နိုင်ငံ့တာဝန်များကို လက်ပြောင်းရယူခဲ့ရသည်။ ထိုသို့ရယူခဲ့သောနိုင်ငံ့တာဝန်များအနက် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အိမ်စောင့်အစိုးရအတွက်လိုအပ်သော ဥပဒေနှင့်ညီညွတ်သည့်အချိန် ကာလ အပိုင်းအခြားတစ်ခုရရှိနိုင်စေရန် ပြုလုပ်ဆောင်ရွက်ရာ၌ ကြုံတွေ့ခဲ့ရသည့် အကြပ်အတည်းများ၊ ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအသီးသီးမှ ယူဆသည့်ဆွေးနွေးအကြံပြု တင်ပြချက်များကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ၁၉၅၉ ခုနှစ် လွှဲအပ်မှုအမှတ် ၁ အား ယခုစာတမ်းငယ်အဖြစ် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

## အမှုအကြောင်းအရာအကျဉ်းချုပ်

၂။ အမှုအကြောင်းအရာအကျဉ်းချုပ်မှာ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့၌ ဗိုလ်ချုပ်မှူး နေဝင်းအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်၎င်း၊ ဦးသိမ်းမောင်စသော အခြားပုဂ္ဂိုလ်ကြီးများအား ဝန်ကြီးများအဖြစ်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၅၆ နှင့်အညီ ခန့်ထားခဲ့ကြောင်း၊ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ ဗိုလ်ချုပ်မှူးနေဝင်းသည် အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်သည့် အခြေအနေမရှိသေးသည့်အတွက် အဆိုပါအခြေခံဥပဒေ ပုဒ်မ ၁၁၇ အရ နိုင်ငံတော်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း၊ ထိုသို့ ရာထူးမှ နုတ်ထွက်ခဲ့သော်လည်း ယခုလောလောဆယ်ပေါ်ပေါက်နေသော တိုင်းပြည်အခြေအနေအရ ဗိုလ်ချုပ်မှူးနေဝင်းကိုပင် ပြည်သူ့လွှတ်တော်က တဖန်ပြန်လည်၍ အမည်တင်သွင်းလျှင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ထပ်မံခန့်ထားနိုင်မည်လောဟူသည့်ပြဿနာ ပေါ်ပေါက်ခဲ့သည့်အတွက် တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကိုရယူရန် နိုင်ငံတော်သမတက ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်ခဲ့သောအမှု ဖြစ်ပါသည်။

## သမတပေးသောလွှဲအပ်လွှာ

၃။ နိုင်ငံတော်သမတက ၎င်း၏လွှဲအပ်လွှာ၌ အောက်ပါအတိုင်းရေးသားဖော်ပြထားပါသည်-

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ အရဆိုလျှင် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးသည်

ခြောက်လမျှတဆက်တည်း ပါလီမန်အမတ်မဟုတ်လျှင် ထိုကာလအပိုင်းအခြား ကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ ရပ်စဲရမည် ဖြစ်ပါသည်။ ထို့ပြင် အခြေခံဥပဒေ ပုဒ်မ ၁၂၇ တွင်ပြဋ္ဌာန်းထားသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၂၇။ (၁) ဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို ရာထူးမှနုတ်ထွက်လျှင် ဝန်ကြီးများသည်လည်း မိမိတို့၏ရာထူးမှ နုတ်ထွက်ကြသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ရာထူးများ၌ ဆက်ခံထမ်းရွက်မည့်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကိုခန့်ထားပြီးသည့်တိုင်အောင် လက်ရှိဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် မိမိ၏တာဝန်ဝတ္တရား များကို ဆက်လက်ဆောင်ရွက်ကြရမည်။

(၂) ပါလီမန်ကိုဖျက်သိမ်းသည့်နေ့ရက်က ရာထူးလက်ရှိဖြစ်ကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ရာထူးဆက်ခံထမ်းရွက်မည့်ဝန်ကြီးများကို ခန့်ထားသည့်တိုင်အောင် မိမိတို့၏ရာထူးများတွင် ဆက်လက်တည်ရှိနေကြရမည်။

အထက်၌ ဖော်ပြခဲ့သည့်အကြောင်းခြင်းရာများမှ အောက်ပါပြဿနာများ ပေါ်ပေါက်ခဲ့ပါသည်။

(၁) နိုင်ငံတော်ဝန်ကြီးချုပ်တဦး ရာထူးမှနုတ်ထွက်ခြင်းသည် မည်သည့်အချိန်အခါ၌ အထမြောက် အတည်ဖြစ်ပါသနည်း။

(၂) ပြည်သူ့လွှတ်တော်က ထိုနုတ်ထွက်သည့် ပါလီမန်အမတ်မဟုတ်သော နိုင်ငံတော်ဝန်ကြီးချုပ်အား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၅၆ အရ နိုင်ငံတော် ဝန်ကြီးချုပ် ခန့်ထားရန်အတွက် တဖန်အမည်တင်သွင်းလျှင် နိုင်ငံတော်သမတက ပြန်လည် ခန့်ထားနိုင်ပါသည်လော။

(၃) ယင်းကဲ့သို့ ထိုပုဂ္ဂိုလ်အား ထပ်မံခန့်ထားလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ အရ ကန့်သတ်ထားသော ခြောက်လတာမျှဆိုသည့်ကာလအပိုင်းအခြားကို မည်သည့်နေ့မှ စတင်ရေတွက်ရမည်နည်း။

ယင်းဥပဒေကြောင်းဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာရန် အကြောင်းရှိသည်ဟု ထင်မြင်ယူဆပါသောကြောင့် ၎င်းတို့ကို စဉ်းစားစေရန်အလို့ငှါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပါကြောင်း။” ဟု ဖော်ပြထားပြီး ထိုစဉ်က ပြည်ထောင်စု

မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမတ ဦးဝင်းမောင်က လက်မှတ်ရေးထိုးပေးပို့ခဲ့သော လွှဲအပ်မှုဖြစ်ပါသည်။

**အမှုဆောင်ရွက်ပုံအဆင့်ဆင့်**

၄။ ၁၆-၂-၁၉၅၉ ရက်နေ့တွင် နိုင်ငံတော်သမတ၏အတွင်းဝန်က တရားလွှတ်တော်ချုပ်အတွင်းဝန်ထံ တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ရယူရန် လွှဲအပ်သည့်ပြဿနာကို သမတ ဦးဝင်းမောင် လက်မှတ်ရေးထိုးထားသည့်စာ ပူးတွဲလျက် ပေးပို့ခဲ့ပါသည်။ ထိုနေ့မှာပင် လွှဲအပ်မှုနံပါတ် ၁/၁၉၅၉ အဖြစ် အမှုတွဲဖွင့်လှစ်၍ အမှုတွဲနေ့စဉ်မှတ်တမ်းတွင် "တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကိုရယူရန်အတွက် အောက်ပါပြဿနာများကို စဉ်းစားစေရန် အလို့ငှာ၊ နိုင်ငံတော်သမတက ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်ပါသည်" ဟု ရေးသွင်းခဲ့ပါသည်။ ထို့နောက် နေ့စဉ်မှတ်တမ်း၌ နိုင်ငံတော်သမတ (ဦးဝင်းမောင်) ၏ လွှဲအပ်ရသည့် အကြောင်းများကို တရားလွှတ်တော်ချုပ် ဒုတိယအတွင်းဝန်က ဖော်ပြ မှတ်တမ်းတင်ပြီး "အမိန့်ချမှတ်ပါရန် တင်ဆက်ပါသည်" ဟု ရေးသား၍ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း ထံ ထိုနေ့တွင်ပင် တင်ပြခဲ့ပါသည်။

၅။ အဆိုပါ ၁၆-၂-၁၉၅၉ ရက်နေ့၌ပင် နိုင်ငံတော်တရားဝန်ကြီးချုပ်က ၂၃-၂-၁၉၅၈ ရက်နေ့တွင် ကြားနာရန်ဆိုကာ - နိုင်ငံတော်ရှေ့နေချုပ်အား အသိပေးရန်၊ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အတွင်းဝန်များထံ အသိပေးရန်၊ ဤပြဿနာနှင့်ပတ်သက်၍ ပါလီမန်အတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများက ပါဝင်ကြားနာစေလိုပါက ၎င်းတို့၏ရှေ့နေကြီးများကိုလည်း ဤရုံးတော်တွင် ကြားနာမည်ဖြစ်ကြောင်း နာယကကြီးနှင့်ဥက္ကဋ္ဌကြီးများမှတစ်ဆင့် အကြောင်းကြားပေးရန် မေတ္တာရပ်ခံပါဟု နေ့စဉ်မှတ်တမ်းတွင် ဖော်ပြညွှန်ကြားခဲ့ပါသည်။

၆။ သို့ဖြစ်၍ အဆိုပါ ၁၆-၂-၁၉၅၉ နေ့တွင် ဆင့်စာခလွှတ် နို့တစ်စာ ၃ စောင် ရေးဆွဲ၍ လက်မှတ်ရေးထိုးပေးပို့ခဲ့ပြီး ၁၇-၂-၁၉၅၉ နေ့တွင် အဆိုပါနို့တစ်စာများ အတည်ပြုပြန်လည်တင်သွင်းကြောင်းတွေ့ရှိရပါသည်။ ဆင့်စာသုံးစောင်အနက် တစ်စောင်ကို နိုင်ငံတော်ရှေ့နေချုပ်ထံသို့ တရားလွှတ်တော်ချုပ် ဒုတိယအတွင်းဝန်က လွှတ်တော်ချုပ်အမိန့်အရ လက်မှတ်ရေးထိုး ထုတ်ပေးခဲ့ပြီး ကျန်နှစ်စောင်ကို တရားလွှတ်တော်ချုပ်အတွင်းဝန်က ပြည်သူ့လွှတ်တော်အတွင်းဝန်ထံ အတွင်းစာအမှတ် ၁၄၁/ လွှဲအပ်မှု ၁/၅၉ ဖြင့်လည်းကောင်း၊ လူမျိုးစုလွှတ်တော်အတွင်းဝန်ထံ အတွင်းစာအမှတ် ၁၄၂/ လွှဲအပ်မှု ၁/၅၉ ဖြင့်လည်းကောင်း လက်မှတ်ရေးထိုး၍ အသီးသီးပေးပို့ခဲ့သည်ကိုတွေ့ရှိရပါသည်။

၇။ သို့ရာတွင် ၁၉-၂-၁၉၅၉ နေ့၌ တရားလွှတ်တော်ချုပ်အတွင်းဝန်က နိုင်ငံတော်သမတ အတွင်းဝန်ထံ အတွင်းစာအမှတ် ၁၆၃/ လွှဲအပ်မှု ၁/၅၉ ဖြင့် “ နိုင်ငံတော်သမတကြီးက ယခု လောလောဆယ် ပေါ်ပေါက်နေသောပြဿနာများနှင့်ပတ်သက်၍ တရားလွှတ်တော်ချုပ်က အစီရင်ခံရန် ပေးပို့လိုက်သော မေတ္တာရပ်ခံစာကို ရရှိပါ၍ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် (တနင်္လာနေ့) တွင် ရုံးတော်၌ ကြားနာရန် ချိန်းဆိုထားပါသည်။ သို့သော် အခြေခံဥပဒေပုဒ်မ ၁၁၆ ကို ပါလီမန်တွင် ပြင်ဆင်ရန် ဥပဒေကြမ်းတင်သည်ဟု သိရှိရပါ၍ ဤရုံးတော်သို့ စဉ်းစားစေရန် လွှဲအပ်ခဲ့သော ထိုပြဿနာများကို ဆက်လက်စဉ်းစားရန် လိုသည်မလိုသည်နှင့်ပတ်သက်၍ နိုင်ငံတော်သမတကြီး၏ ဆန္ဒကိုသိလိုပါသဖြင့် ရယူပေးပါရန် မေတ္တာရပ်ခံပါသည်” ဟု အကြောင်း ကြားခဲ့ပါသည်။

၈။ သို့ဖြစ်၍ အထက်ပါအတိုင်းအကြောင်းကြားသည့် ၁၉-၂-၅၉ နေ့၌ပင် နိုင်ငံတော်သမတ၏ အတွင်းဝန်ဦးပါစိန်က စာအမှတ် ၇၅၂/၆၀/သ၊အ၊၅၉ ဖြင့် “ လူကြီးမင်း၏ ၁၉၅၉ ခုနှစ်၊ ဖေဖော် ဝါရီလ (၁၉) ရက်နေ့စွဲပါ အတွင်းစာအမှတ် ၁၆၃/ လွှဲအပ်မှု ၁/၅၉ ကိုရည်ညွှန်း၍ ပြန်ကြားအပ်ပါ သည်။ ဤရုံးမှ ၁၉၅၉ ခုနှစ်၊ဖေဖော်ဝါရီလ(၁၆)ရက် နေ့စွဲပါ စာအမှတ် ၇၂၂/၆၀/သ၊အ၊၅၉ ဖြင့် လောလောဆယ်ပေါ်ပေါက်နေသော ပြဿနာများနှင့်ပတ်သက်၍ တရားလွှတ်တော်ချုပ်က အစီ ရင်ခံရန် ပေးပို့ထားသည့်စာကို ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုတော့ကြောင်း နိုင်ငံတော် သမတကြီးက အမိန့်ချမှတ်ပါသည်”ဟု တရားလွှတ်တော်ချုပ်အတွင်းဝန်ထံ အကြောင်းပြန်ကြား ခဲ့ပါသည်။

၉။ ထို့နောက် နိုင်ငံတော်သမတ၏အတွင်းဝန်ထံမှ ပြန်ကြားစာကို နိုင်ငံတော်တရားဝန်ကြီး ချုပ်ထံ လွှတ်တော်ချုပ်အတွင်းဝန်ကဆက်လက်တင်ပြရာ နိုင်ငံတော်တရားဝန်ကြီးချုပ်က နိုင်ငံတော် ရှေ့နေချုပ်၊ လူမျိုးစုလွှတ်တော်အတွင်းဝန်နှင့် ပြည်သူ့လွှတ်တော်အတွင်းဝန်များထံ အကြောင်း ကြားရန် အမိန့်ရှိသဖြင့် ထိုနေ့တွင်ပင် လူမျိုးစုလွှတ်တော်အတွင်းဝန်နှင့် ပြည်သူ့လွှတ်တော် အတွင်းဝန်တို့ထံ တရားလွှတ်တော်ချုပ်အတွင်းဝန်ဦးထွန်းတင်က ဆက်လက်အကြောင်းကြားခဲ့ ကြောင်း နေ့စဉ်မှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်ရှေ့နေချုပ်ထံသို့မူ ၂၀-၂-၅၉ နေ့တွင် တရားလွှတ်တော်ချုပ်ဒုတိယအတွင်းဝန်ဦးခင်မောင်သန်းက အထက်ပါအတိုင်း အကြောင်းကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

၁၀။ ထိုနေ့တွင်ပင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းက အမှုတွဲနေ့စဉ်မှတ်တမ်း၌ “နိုင်ငံ တော်သမတ၏အတွင်းဝန်ထံမှ အခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ ပေးပို့သော နိုင်ငံတော်သမတ

ကြီး၏စာကို ရုပ်သိမ်းကြောင်း ၁၉-၂-၅၉ နေ့စွဲနှင့်စာတစ်စောင် ရရှိသည်။ သို့အတွက် အမှုကို ပိတ်ရန်သာဖြစ်၍ ပိတ်လိုက်သည်” ဟု ဖော်ပြကာ တရားဝန်ကြီးချုပ်တစ်ဦးတည်းက လက်မှတ်ရေးထိုး၍ လွှဲအပ်မှုကို ပိတ်သိမ်းလိုက်ကြောင်းတွေ့ရှိရပါသည်။ လျှောက်လဲချက် ကြားနာခြင်း မရှိသဖြင့် တရားသူကြီးအနည်းဆုံး သုံးဦးဖြင့် စုံညီခုံရုံးဖွဲ့စည်းခဲ့ခြင်း မရှိပါ။

၁၁။ တရားလွှတ်တော်ချုပ်တွင် ထိုစဉ်ကတာဝန်ထမ်းဆောင်သူများမှာ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီး နှင့် တရားဝန်ကြီး ဦးအောင်သာကျော် တို့ဖြစ်ကြပါသည်။

## လွှဲအပ်မှုသမိုင်းကြောင်း

၁၂။ ဤသို့လွှဲအပ်မှုကို ပိတ်သိမ်းလိုက်သော်လည်း မည်သည့်အတွက် ဤလွှဲအပ်မှုကိုဖြစ်ပေါ်လာစေသည်ဆိုသော အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ အချိတ်အဆက်မိမိသိရှိနိုင်စေရန်အတွက် ဗိုလ်ချုပ်မှူးနေဝင်းအား ဝန်ကြီးချုပ်အဖြစ်တင်မြှောက်ခြင်း၊ အိမ်စောင့်အစိုးရဖွဲ့စည်းခြင်း၊ အိမ်စောင့်အစိုးရ၏ အဓိကတာဝန်များ၊ အိမ်စောင့်အစိုးရလက်ထက် နိုင်ငံရေးအခြေအနေများ၊ ဝန်ကြီးချုပ်အဖြစ်မှ ဗိုလ်ချုပ်မှူးနေဝင်း နုတ်ထွက်ရသည့်အကြောင်းအရာများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ဆင်ရန် လိုအပ်ကြောင်းတင်ပြခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ အား ပြင်ဆင်ခြင်းမပြုဘဲ ဗိုလ်ချုပ်မှူးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်နိုင်သည်ဟု ယူဆချက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးချက်များ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်အတည်ပြုခြင်း အစရှိသည်တို့အား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

### (က) ဗိုလ်ချုပ်မှူးနေဝင်းအားဝန်ကြီးချုပ်အဖြစ်တင်မြှောက်ခြင်း

၁၃။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၄၈ လ အကြာတွင်မှ ကျင်းပနိုင်ခဲ့သည့် ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲ၌ အနိုင်ရခဲ့သော ဖဆပလအမတ်များသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၈၅ အရ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဌမအစည်းအဝေးကျင်းပသည့် ၃-၃-၁၉၅၂[၁] နေ့မှစ၍ ၄ နှစ်သက်တမ်းဖြစ်ပြီး ဒုတိယမြောက်ကျင်းပသည့် ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲကို ၂၇-၄-၁၉၅၆ရက်နေ့တွင်တစ်နိုင်ငံလုံးတစ်ပြိုင်တည်းကျင်းပနိုင်ခဲ့ပါသည်။ ပုံမှန်အားဖြင့်

[၁] ရန်ကုန်မြို့၊ မြန်မာနိုင်ငံတော်အစိုးရပုံနှိပ်တိုက်မှထုတ်ဝေသော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေစာအုပ်ပါ “ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြင်ဆင်ချက်များပြုလုပ်ခဲ့ခြင်း ရာဇဝင်အကျဉ်းချုပ်”မှ ဖော်ပြသည့်နေ့ရက်ဖြစ်ပါသည်။

တိုင်းပြည်အခြေအနေအေးချမ်းကောင်းမွန်ပါက ၁၉၅၆ ခုနှစ်မှ ၄ နှစ်သက်တမ်း ပြည့်မည့် ၁၉၆ဝ ခုနှစ်တွင်မှ အထွေထွေရွေးကောက်ပွဲ ကျင်းပဆောင်ရွက်ရမည် ဖြစ်သည်။

၁၄။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၂၇-၄-၁၉၅၆ နေ့၌ ဒုတိယအကြိမ် အထွေထွေ ရွေးကောက်ပွဲကျင်းပရာ ဖဆပလ အဖွဲ့ချုပ် အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်အဖြစ် ဦးနု အား ထပ်မံတင်မြှောက်ခဲ့သည်။ သို့ရာတွင် ဖဆပလအဖွဲ့အား ပြည်သူ့ထောက်ခံမှုကျဆင်းလာသဖြင့် ပါတီတွင်း သန့်ရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးများ ပြုလုပ်ရန်အတွက် ၅-၆-၁၉၅၆ နေ့တွင် ဦးနုက ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ပြီး ဦးဗဆွေအား ၁၂-၆-၁၉၅၆ နေ့တွင် ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့သည်။ ဦးနု နုတ်ထွက်ပြီး ၉ လဝန်းကျင်အကြာ၌ ပါတီတွင်းအခြေအနေများအရ ဦးနုကိုပင် ဝန်ကြီးချုပ်အဖြစ် ၂၈-၂-၁၉၅၇ နေ့၌ ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့သည်။

၁၅။ သို့သော် ၁၉၅၈ ခုနှစ်အတွင်း၌ ဖဆပလ အဖွဲ့ချုပ်အတွင်း ဂိုဏ်းဂဃ ကွဲပြားခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ပြည်တွင်းစစ်များဖြစ်ပွားခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အောင်မြင်မှုမရရှိသေးခြင်း၊ အလုပ်သမားပြဿနာများ များပြားလာခြင်း၊ နိုင်ငံရေးပါတီများအတွင်း စည်းလုံးမှုပြိုကွဲလာခြင်း စသည့်အခြေအနေများအပြင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော သန့်ရှင်းဖဆပလ အစိုးရအဖွဲ့အပေါ် တည်မြဲဖဆပလခေါင်းဆောင် ဦးဗဆွေက ၅-၈-၁၉၅၈ နေ့တွင် အယုံအကြည်မရှိအဆို တင်သွင်းခဲ့သည်။ ထိုအဆိုကို ၉-၆-၁၉၅၈ နေ့တွင် သန့်ရှင်းဖဆပလက ၈ မဲအသာဖြင့် အနိုင်ရကာ အစိုးရအာဏာကို ဆက်လက်ထိန်းသိမ်းခဲ့သည်။

၁၆။ သို့သော် သန့်ရှင်းအစိုးရလက်ထက်တွင် နိုင်ငံရေးရာသီဥတု ဆိုးရွားလာခဲ့ပြီး နိုင်ငံရေး ပဋိပက္ခများ ပြင်းထန်လာခဲ့သည်။ သို့အတွက် ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့၌ခေါ်ယူမည့် ပြည်သူ့လွှတ်တော် ညီလာခံကိုလည်းကောင်း၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ ခေါ်ယူမည့် လူမျိုးစုလွှတ်တော် ညီလာခံကိုလည်းကောင်း ဝန်ကြီးချုပ်၏အကြံပေးချက်အရ ၁၉-၈-၁၉၅၈ နေ့၌ နိုင်ငံတော်သမတက ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[၂]

၁၇။ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက အသံလွှင့် မိန့်ခွန်းပြောကြားရာ၌ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလထဲတွင် ကျင်းပရန် စိတ်ကူးထားကြောင်း၊ သို့သော် လက်ရှိအခြေအနေအရ နိုဝင်ဘာလတွင်ကျင်းပမည့် အထွေထွေ

[၂] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ၊ စာ ၆၆ ။

ရွေးကောက်ပွဲကြီးသည် မည်သည့်နည်းနှင့်မျှ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ခုကို ခြောက်လ အတွင်း ဖြစ်မြောက်အောင် ပြုလုပ်ပေးရန် ဗိုလ်ချုပ်မှူး နေဝင်းကို ဖိတ်ကြားခဲ့ကြောင်း၊ လက်ခံလိုက်သည့်အတွက် အထူးဝမ်းသာကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးကို ၁၉၅၉ ခုနှစ်၊ ဧပြီလမကုန်မီ ကျင်းပနိုင်ရန် ပြည်သူတစ်ရပ်လုံးက ဗိုလ်ချုပ်မှူးနေဝင်းကို ထောက်ခံအားပေးကြရန် မေတ္တာရပ်ခံကြောင်း အသံလွှင့်ခဲ့သည်။[၃]

၁၈။ ဝန်ကြီးချုပ်ဦးနုသည် အောက်တိုဘာလ ၂၈ ရက်နေ့၌ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ရန်နှင့် ဗိုလ်ချုပ်မှူးနေဝင်းအား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန်အတွက် အဆိုတင်သွင်းရန် စီစဉ်ထားပြီးဖြစ်သည်။ သို့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ခန့်အပ်ရန် ပုဂ္ဂိုလ်တစ်ဦး၏အမည်ကို နိုင်ငံတော်သမတထံ တင်သွင်းရန်အတွက် အမည်တင်သွင်းလွှာများကို ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီ ထက်နောက်မကျစေဘဲ တင်သွင်းရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမန်းဘဆိုင်၏ မိန့်ကြားချက်အရ ဝန်ကြီးချုပ်အဖြစ် ဗိုလ်ချုပ်မှူးနေဝင်းအား တင်မြှောက်ကြောင်း အဆိုပြုလွှာ ၂၅ စောင် တင်သွင်းခဲ့သည်။ အမည်တင်သွင်းလွှာ ၂၅ စောင်လုံးတွင် ဗိုလ်ချုပ်မှူးနေဝင်းကိုသာ တင်သွင်းထား၍ မဲခွဲဆုံးဖြတ်ရန်မလိုအပ်တော့ဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၅၆(၁) အရ နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် နိုင်ငံတော်သမတထံသို့ ပြည်သူ့လွှတ်တော်က အမည်တင်သွင်းခြင်းခံရသူအဖြစ် ကြေညာခဲ့ပြီး ဤသို့ဖြင့် ဗိုလ်ချုပ်မှူးနေဝင်းသည် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။[၄]


ဝန်ကြီးချုပ် ဦးနု အစိုးရ နှုတ်ထွက်မည်

ဗိုလ်ချုပ် နေဝင်း-က အစိုးရသစ် ဖွဲ့မည်

ဧပြီလတွင် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပမည်

**၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာပါသတင်း**

[၃] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊ မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ၊ စာ- ၁၂၁-၁၂၂ ။

[၄] ။ ယင်းစာ - ၁၅၀ ။

## (ခ) အိမ်စောင့်အစိုးရဖွဲ့စည်းခြင်း

၁၉။ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်မှူးနေဝင်းဦးစီးသော အိမ်စောင့်အစိုးရအသစ်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များအဖြစ်-

(၁) နိုင်ငံတော်တရားဝန်ကြီးချုပ်ဟောင်း ဦးသိမ်းမောင်

(၂) လွှတ်တော်တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်

(၃) ရန်ကုန်တက္ကသိုလ် သင်္ချာကထိက ဦးကာ

(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ချယ်ယာမင် ဦးကျော်ငြိမ်း

(၅) အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူ

(၆) ၁၉၅၆ ခုနှစ်ရွေးကောက်ပွဲမင်းကြီးဟောင်း ဦးစံညွန့်

(၇) နိုင်ငံတော်ဓာတုဗေဒဝန် ဦးချစ်သောင်း နှင့်

(၈) အငြိမ်းစားစက်ရှင်တရားသူကြီးနှင့်ကုန်သွယ်မှုတိုးတက်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးဘကြားတို့ ပါဝင်သည်။[၅]



**နိုင်ငံတော်သမတကြီး ဦးဝင်းမောင်ရှေ့မှောက်၌ ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုနေစဉ်**

---

၅ ။ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊ မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ၊ စာ-၁၄၄-၁၄၅ ကို အကျဉ်းချုပ် ဖော်ပြထားခြင်း ဖြစ်ပါသည်။




**နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်**
**အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဝန်ကြီးများ**

## (ဂ) အိမ်စောင့်အစိုးရ၏ အဓိကတာဝန်များ

၂၀။ ဗိုလ်ချုပ်မှူးနေဝင်း ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အစိုးရအဖွဲ့၏ အဓိကတာဝန်များမှာ-

(က) ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး၊

(ခ) တရားမျှတသောရွေးကောက်ပွဲဖြစ်မြောက်ရေး နှင့်

(ဂ) ဒီမိုကရေစီအခွင့်အရေးများ တင်းပြည့်ကျပ်ပြည့်ရရှိရေးတို့ဖြစ်ပြီး ဗိုလ်ချုပ်မှူး နေဝင်းသည် အိမ်စောင့်အစိုးရမဖွဲ့စည်းမီ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ကတည်းကပင် လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးကို ခြောက်လအတွင်း ကျင်းပနိုင်ရန် ဆောင်ရွက်ပါမည်ဟု ကတိပြုခဲ့သည်။[၆]

## (ဃ) အိမ်စောင့်အစိုးရလက်ထက် နိုင်ငံရေးအခြေအနေများ၊

၂၁။ ကတိပြုထားသည့်အတိုင်းရွေးကောက်ပွဲကို ကျင်းပနိုင်ရန်မှာ တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားမှုလုံခြုံမှုရှိပြီး အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နေရန်လိုအပ်သည့်အတွက် အိမ်စောင့်အစိုးရသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးစီမံကိန်းများကို အထူးဂရုပြု ဆောင်ရွက်ခဲ့သည်။ ရောင်စုံ

[၆] ။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းဦးစီးဌာနက ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ၊ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ၊ စာ-၁၅၈-၁၆၁။

သူပုန်နှင့်သောင်းကျန်းသူများအား တိုက်ခိုက်နှိမ်နှင်းရေး၊ အစားအသောက်နှင့် သားငါးဈေးနှုန်းများ ကျဆင်းရေး၊ မြို့တော်သန့်ရှင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တစ်ပြိုင်နက် ဆောင်ရွက်ခဲ့သည့်အပြင် ၁၉၅၈ ခုနှစ် နိုဝင်ဘာလ တစ်လလုံး ပါလီမန်အစည်းအဝေးများ ဆက်တိုက်ကျင်းပခဲ့သည့်အတွက် မြန်မာနိုင်ငံ၏အခြေအနေမှာ သိသိသာသာ တိုးတက်ကောင်းမွန်လာသည်ဟု ပြည်တွင်းပြည်ပသတင်းစာများ၌ဖော်ပြခဲ့ကြသည်။ သို့သော်လည်း စာစောင်အချို့နှင့် ပုဂ္ဂိုလ်အချို့က မြန်မာနိုင်ငံအခြေအနေမှာ ယခင်ကထက် တိုးတက်ပါသော်လည်း တရားမျှတ လွတ်လပ်သော ရွေးကောက်ပွဲကျင်းပပေးရန်အထိ မဖြစ်နိုင်သေးကြောင်း ထုတ်ဖော်ရေးသားခဲ့ကြသည်။[၇]

၂၂။ ၁၉၅၉ ခု နှစ်ဆန်းမှစ၍ ဧပြီလမတိုင်မီရွေးကောက်ပွဲကျင်းပပေးစေလိုသော အဖွဲ့အစည်း ပုဂ္ဂိုလ်များ၏ လှုံ့ဆော်စည်းရုံးမှုကြောင့် ရွေးကောက်ပွဲ အမြန်ကျင်းပပေးရန် တောင်းဆိုမှုနှင့် လူထုဆန္ဒပြပွဲများ မြို့နယ်များ၌ ပေါ်ပေါက်ခဲ့သကဲ့သို့၊ ဗိုလ်ချုပ်အစိုးရအား ခြောက်လ ဆက်လက်ထိန်းသိမ်းအုပ်ချုပ်စေလိုသော အဖွဲ့ပုဂ္ဂိုလ်များ၏ လှုံ့ဆော်ဦးဆောင်မှုဖြင့် ဗိုလ်ချုပ်အစိုးရအား ထောက်ခံဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံရေးအဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးက မိမိလိုရာဆန္ဒအတိုင်း တောင်းဆိုငြင်းခုံနေကြဆဲ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးကို စတင်ကျင်းပသည်။ သို့သော် တိုင်းပြည်အတွက် အရေးကြီးကိစ္စများပြား၍တစ်ကြောင်း၊ ဗိုလ်ချုပ်မှူးနေဝင်းက မေတ္တာရပ်ခံ၍တစ်ကြောင်း ပြည်သူ့လွှတ်တော် ပါလီမန်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့သည်။[၈]

## (င) ဝန်ကြီးချုပ်အဖြစ်မှဗိုလ်ချုပ်မှူးနေဝင်းနုတ်ထွက်ရသည့်အကြောင်းအရာများ

၂၃။ ဗိုလ်ချုပ်မှူးနေဝင်း စတင်တာဝန်ယူခဲ့သည့် ၂၈-၁၀-၁၉၅၈ နေ့မှ ၁၃-၂-၁၉၅၉ နေ့အထိ ရေတွက်လျှင် ကာလအားဖြင့် လေးလခန့်ရှိလာခဲ့ပြီး စတင်တာဝန်ယူသည့်နေ့မှဆိုလျှင် ၆ လ ပြည့်ရန် နှစ်လခန့်သာ ကျန်တော့သည့်အတွက် ထိုအချိန်အနည်းငယ်မျှအတွင်း အထွေထွေ ရွေးကောက်ပွဲကျင်းပပေးရန်မှာ မည်သို့မျှ မဖြစ်နိုင်တော့သည်ကို တွေ့ရှိရသည်။

၂၄။ ဤသို့ဖြင့် ဖေဖော်ဝါရီ ၁၃ ရက် မတိုင်မီ နိုင်ငံရေးအဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များသည် ပိုမိုလှုပ်ရှားလာကြပြီး ဆွေးနွေးပွဲများပြုလုပ်လာကြသည်။ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင် အပါအဝင် နိုင်ငံ့ခေါင်းဆောင်များ၊ ပါတီများ၊ အဖွဲ့အစည်းများအကြား၌ **ဗိုလ်ချုပ်အစိုးရ (အိမ်စောင့်**

---

[၇] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊ မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ ၊ စာ-၁၆၁-၁၆၄ ကို အကျဉ်းချုပ် ဖော်ပြထားခြင်းဖြစ်ပါသည်။

[၈] ။ ယင်း စာ-၁၇၀ ။

**အစိုးရဝန်ကြီးချုပ်) အား နောက်ခြောက်လ အာဏာဆက်လက်လွှဲအပ်သင့်**သည်ကို လက်ခံသဘောတူသောအုပ်စုနှင့် ဒီမိုကရေစီနိုင်ငံဖြစ်၍ ရွေးကောက်ပွဲပြုလုပ်ရမည်ဖြစ်ပြီး **ကတိပေးထားသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပေးစေလိုကြောင်းနှင့် လောလောဆယ် အကြောင်းတစ်ခုခုကြောင့် မဖြစ်နိုင်ပါက ပါလီမန်အင်အားစုများ၊ လူမျိုးစုများပါဝင်သော အမျိုးသားအိမ်စောင့်အစိုးရ ဖွဲ့စည်းဆောင်ရွက်စေလိုသောအုပ်စု**များ ပေါ်ပေါက်လာခဲ့သည်။[၉]

၂၅။ ဗိုလ်ချုပ်မှူးနေဝင်းသည် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ အဋ္ဌမအကြိမ်မြောက်ပြည်သူ့လွှတ်တော် ပါလီမန်အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်၊ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည့် ၄ လခန့် အချိန်အပိုင်းအတွင်း တွေ့ကြုံခဲ့ရသောအဖြစ်အပျက်အခြေအနေတို့နှင့် နုတ်ထွက်ခွင့်တင်ရသည့်အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ ဗိုလ်ချုပ်မှူးက တရားမျှတသော ရွေးကောက်ပွဲကို သတ်မှတ်ထားသောကာလအတွင်း ပြုလုပ်ရန်မဖြစ်နိုင်ကြောင်း၊ သူပုန်များကိုနှိမ်နှင်းဆဲတပ်များအား ရွေးကောက်ပွဲအတွက် ပြန်လည်ရုပ်သိမ်းပါက သူပုန်များအသက်ရှူပေါက်ရပြီး တိုင်းပြည်ဒုက္ခပြန်ရောက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအဖွဲ့များအချင်းချင်း ပဋိပက္ခများတည်ရှိဆဲဖြစ်သည့်ပြင် တစ်ပြည်လုံးနေရာအနှံ့အပြားတွင်ရှိသော လက်နက်များကိုလည်း ကုန်စင်အောင် မသိမ်းနိုင်သေးသည့်အတွက် ရွေးကောက်ပွဲကျင်းပပေးပါက လူကြားကောင်းရုံ စတိရွေးကောက်ပွဲမျိုးသာဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲလုပ်ပေးနိုင်သည့် အခြေအနေမရှိသေးဟု မိမိအနေနှင့်ယူဆသောကြောင့် လက်ရှိအခြေအနေမှန်ကို တင်ပြခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကိစ္စကို ပါလီမန်က လွတ်လွတ်လပ်လပ် စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက်ရာထူးမှ နုတ်ထွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ၁၉၅၉ ခုနှစ် ဧပြီလအတွင်း ရွေးကောက်ပွဲကျင်းပ သင့် မသင့် ကိစ္စကို ပါလီမန်ကဆုံးဖြတ်ရန် တာဝန်လွှဲအပ်လိုက်သည်။[၁၀]

၂၆။ တင်ပြခဲ့သည့် အဆိုပါအချက်အလက်များကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ - ၁၁၇ (၁) အရ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သည့် နုတ်ထွက်လွှာကို နိုင်ငံတော်သမတထံ ပေးပို့ခဲ့ရာ၌ - ပုံ (ဗိုလ်နေဝင်း) နိုင်ငံတော်ဝန်ကြီးချုပ် (ဗိုလ်ချုပ်မှူးနေဝင်း) ဟု ဖော်ပြခဲ့ပါသည်။ သို့အတွက် ကိုးကားစာအုပ်စာတမ်းများ၌ ဖော်ပြထားသော ၎င်းတို့ရေးသားပြုစုချိန်က ရာထူးအခေါ်အဝေါ်ဖြစ်သည့် ***ဗိုလ်ချုပ်ကြီးနေဝင်း*** ဟူသော စကားရပ်အစား ဤစာတမ်းတွင် နိုင်ငံတော်

[၉] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊မြန်မာ့နိုင်ငံရေး ဒုတိယတွဲ၊ စာ - ၁၇၀-၁၇၁ ကို အကျဉ်းချုပ် ဖော်ပြထားခြင်း ဖြစ်ပါသည်။

[၁၀] ။ ယင်း စာ-၁၇၃-၁၇၅ ကို အကျဉ်းချုပ် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဝန်ကြီးချုပ်က ၎င်းကိုယ်တိုင် ဖော်ပြရေးသားသည့် ***ဗိုလ်ချုပ်မှူးနေဝင်း*** ဟူသော အသုံးအနှုန်းကို ပြင်ဆင်ဖော်ပြခြင်း ဖြစ်ပါသည်။

**(စ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ဆင်ရန် လိုအပ်ကြောင်းတင်ပြခြင်း၊**

၂၇။ ဤတွင် ရွေးကောက်ပွဲကို ဧပြီလအတွင်းကျင်းပမည့်နည်းလမ်းနှင့် ရွေးကောက်ပွဲကို ဧပြီလ၌ မကျင်းပသေးဟူ၍ ပါလီမန်ကဆုံးဖြတ်ရမည့် နည်းလမ်း ၂ ခု ပေါ်ပေါက်လာရာ ဒုတိယလမ်းသွယ်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးနေဝင်းက တင်ပြရာတွင် ရွေးကောက်ပွဲကို ဧပြီလ၌ မကျင်းပသေးပါဟု ပါလီမန်က ဆုံးဖြတ်လိုက်ပါက ဝန်ကြီးချုပ်အသစ် တစ်ဦးရွေးချယ်ခန့်ထားရန် လိုအပ်မည့်အကြောင်း အခြေခံဥပဒေကိုကိုးကား၍ အောက်ပါအတိုင်း အကြံပြုဆွေးနွေးခဲ့ပုံကို မူရင်းအတိုင်းတင်ပြအပ်ပါသည်။

> "ဧပြီလမှာ ရွေးကောက်ပွဲမလုပ်ဘူးဆိုလျှင်တော့ သည်ဝန်ကြီးချုပ်ရဲ့ သက်တမ်းဟာ **ပါလီမန်အမတ်ထဲကဖြစ်လျှင်** ၁၉၆၀ ခုနှစ်မှာ လုပ်ရိုးလုပ်စဉ်လုပ်ရမည့် ရွေးကောက်ပွဲထက်မပိုတဲ့ သက်တမ်းရှိပါလိမ့်မည်။ ဝန်ကြီးချုပ်အသစ်ဟာ **ပါလီမန်အမတ်ထဲက မဟုတ်လျှင်**တော့ အခြေခံဥပဒေအခန်း ၇၊ ပုဒ်မ ၁၁၆ အရ သူ့ သက်တမ်းဟာ တဆက်ထဲ ၆ လ သာ ရှိပါလိမ့်မည်။
>
> ဥက္ကဋ္ဌကြီးခင်ဗျား။ ။ အကယ်၍ အခြားလူစားရှာမရလို့ ကျွန်တော့ကိုဘဲ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ဆောင်ရွက်ရန် ဤပါလီမန်မှ လိုလားခဲ့လျှင်လည်း ယခုတွင်က ကျွန်တော်ပြောခဲ့တဲ့ ပုဒ်မ ၁၁၆ ကို ထိုက်သင့်သလို ပြင်ဘို့လိုပါလိမ့်မည်။ ပုဒ်မကိုမပြင်ဘဲနဲ့ဆိုလျှင်တော့ ဝန်ကြီးချုပ်နေရာကို ကျွန်တော်ပြန်လည် လက်မခံနိုင်ပါ။ ဘာဖြစ်လို့လဲဆိုလျှင် ဥပဒေတခု တည်ဆဲအချိန်မှာ ထိုဥပဒေနှင့်မကိုက်ညီတဲ့ အလုပ်မျိုးကို ကျွန်တော်မလုပ်လိုပါ၊ လုပ်လည်းမလုပ်ကောင်းပါ"

၂၈။ ဤသို့ဖြင့် ဗိုလ်ချုပ်မှူးနေဝင်းသည် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ ကို ကိုးကားထောက်ပြ၍ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်းတင်ပြသကဲ့သို့ မိမိအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ဆောင်ရွက်စေလိုပါက ၎င်းပုဒ်မ ၁၁၆ ကို ပြင်ဆင်ပေးပါရန် တစ်ဆက်တည်း အကြံပြုတင်ပြခဲ့သည်။[၁၁]

---

[၁၁] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ၊ စာ-၁၇၅-၁၇၆ ကို အကျဉ်းချုပ်ဖော်ပြထားခြင်းဖြစ်ပါသည်။

၂၉။ သို့ဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ ၏ မူရင်းပြဋ္ဌာန်းချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

ပုဒ်မ ၁၁၆။ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးသည် ခြောက်လမျှတဆက်တည်း ပါလီမန်အမတ်မဟုတ်လျှင် ထိုကာလအပိုင်းအခြား ကုန်ဆုံးသောအခါ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ ရပ်စဲရမည်။

## (ဆ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ အားပြင်ဆင်ခြင်းမပြုဘဲ ဗိုလ်ချုပ်မှူး နေဝင်းအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်နိုင်သည်ဟု ယူဆချက်

၃၀။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ အား ပြင်ဆင်ခြင်းမပြုဘဲ ဗိုလ်ချုပ်မှူးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်နိုင်သည်ဟုယူဆသည့် အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များအနက် **အမျိုးသားကွန်ဂရက်ပါတီ (ဗမာပြည်) ဌာနချုပ်၏** သဘောထားအမြင်ကို ဗဟုသုတအလို့ငှာ အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

> "ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကြေညာချက်၌ ဗိုလ်ချုပ်မှူးနေဝင်း နုတ်ထွက်ခြင်းကြောင့် ဝန်ကြီးချုပ်အသစ်တစ်ဦးရွေးချယ်ရန် လွှတ်တော်က အမည်စာရင်းတင်သွင်းရမည်ဖြစ်ကြောင်း၊ အခြားပြည်သူ့လွှတ်တော်အမတ်တစ်ဦးဦးကို ဝန်ကြီးချုပ်ရာထူး၌ ရွေးချယ်လိုက်ပါက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ ကို ပြင်ဆင်ရန် မလိုကြောင်း၊ သို့သော် လက်ရှိအစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးနေဝင်းကိုပင် ပြန်လည်ရွေးချယ်မည်ဆိုလျှင် ပုဒ်မ ၁၁၆ ကို အခြေအနေနှင့် ဆီလျော်အောင် ပြင်ဆင်ရန် လိုအပ်သည် မလိုအပ်သည်ဆိုသော ပြဿနာပေါ်ကြောင်း၊ သို့သော် ပုဒ်မ ၁၁၆ အရဆိုလျှင် "အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးသည် ခြောက်လမျှ တဆက်တည်း ပါလီမန်အမတ် မဟုတ်လျှင် ထိုကာလအပိုင်းအခြားကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ ရပ်စဲရမည်။" ဟု ဖော်ပြထားသော်ငြားလည်း၊ နောက်ထပ်ခြောက်လ ကာလအပိုင်းအခြားအတွက် ပြည်သူ့လွှတ်တော်က ဤပုဂ္ဂိုလ်ကိုပင် ပြန်လည်၍ မရွေးချယ်ရဟု ပိတ်ပင်ထားခြင်း မရှိသဖြင့် ပုဒ်မ ၁၁၆ ကို ပြင်ဆင်ချက်ပြုလုပ်ရန်လိုမည် မထင်ကြောင်း အတိအလင်း ကြေညာသည်"[၁၂] ကို တွေ့ရှိရပါသည်။

[၁၂] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊ မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ၊ စာ-၁၈၅-၁၈၇ ။

## (ဧ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးချက်များ

၃၁။ ထို့နောက် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပသောအခါတွင် တည်မြဲဖဆပလ ဦးကျော်ငြိမ်းက ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကတည်းက တင်ပြထားခဲ့သော အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးဆွဲထားသည့် ၁၉၅၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားပါရန် အဆိုတင်သွင်းရာ ခွင့်ပြုချက်ရရှိသည်။ ဦးကျော်ငြိမ်းတင်သွင်းသည့် ဥပဒေကြမ်း၏ မိတ္တူများကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့ လွှတ်တော်အစည်းအဝေးခေတ္တနားချိန် နေ့ခင်းတစ်နာရီတွင် ပါလီမန်အမတ်များထံ ဖြန့်ဝေခဲ့သည်။

၃၂။ အဆိုပါဥပဒေကြမ်း တင်သွင်းရခြင်း၏ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

> "တိုင်းပြည်နှင့်ပြည်သူ၏အကျိုးကို ထောက်ရှု၍လက်ရှိအခြေအနေကို ထိန်းသိမ်းစောင့်ရှောက်ပြီးလျှင် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဗိုလ်ချုပ်မှူးနေဝင်း ခေါင်းဆောင်သော အစိုးရအဖွဲ့ကို ဆက်လက်အာဏာအပ်နှင်းရန် လိုအပ်ပါသောကြောင့် ဤဥပဒေကြမ်းကို တင်သွင်းရပါသည်။ ဤဥပဒေကြမ်းတွင် အချိန်ကန့်သတ်ချက်ကို ဖော်ပြမထားခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၈၅ တွင် အထွေထွေရွေးကောက်ပွဲကို ဤလွှတ်တော်၏ **လေးနှစ်သက်တမ်းအတွင်း** ကျင်းပရမည်ဟု ပြဋ္ဌာန်းချက်ပါရှိပြီး ဖြစ်သောကြောင့် ဖြစ်သည်။"

၃၃။ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ စတင်ခဲ့သော ဤပုဒ်မ ၁၁၆ ပြဿနာကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ ပါလီမန်က မရှင်းလင်းနိုင်ခဲ့ပေ။ ဦးကျော်ငြိမ်း တင်ပြသော ဥပဒေကြမ်းတင်သွင်းရသည့် အချက်များကိုအကျဉ်းချုပ်ဖော်ပြရသော် တိုင်းပြည်နေသားတကျ ဖြစ်စေရန် ၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်စေရန်၊ ဗိုလ်ချုပ်မှူးနေဝင်းအနေဖြင့် အခြေခံဥပဒေပုဒ်မ ၁၁၆ နှင့်စပ်လျဉ်း၍ သံသယကင်းစွာ ဆောင်ရွက်နိုင်ရန်ဖန်တီးပေးလိုခြင်းတို့ကြောင့်ဖြစ်ပြီး ယခုကဲ့သို့ အခြေခံဥပဒေပုဒ်မ ၁၁၆ ကို ပြင်ဆင်ရန်အဆိုတင်သွင်းခြင်းမှာလည်း "ယာယီ" အားဖြင့် အခြေအနေနှင့်ကိုက်ညီအောင်ပြင်ဆင်ရန် အဆိုတင်သွင်းရခြင်း ဖြစ်သည်ဟု တွေ့ရှိရပါသည်။ ထို့ပြင် တင်သွင်းသည့် ပြင်ဆင်ချက်ဥပဒေကြမ်းမှာ ၁၉၆၀ ခုနှစ်တွင် ကျင်းပရန်အချိန်ကျရောက်သည့် အထွေထွေရွေးကောက်ပွဲကြီးက တင်မြှောက်မည့် ပြည်သူ့လွှတ်တော်

ကြီးက ဝန်ကြီးချုပ်သစ်တဦးကို ရွေးချယ်ရမည့်အချိန်ထိအတွက်သာ ယာယီမျှပြင်ဆင်ခြင်းဖြစ်ကြောင်း၊ ပြင်ဆင်ချက် ဥပဒေကြမ်းတွင် အရေးကြီး အချက်ကြီး ၃ ချက် ရှိကြောင်း၊ ပဌမအချက်မှာ ပါလီမန်အမတ်မဟုတ်သော ပုဂ္ဂိုလ်များသည် ဝန်ကြီးအနေနှင့် ၆ လထက် ကျော်လွန်၍ အစိုးရအဖွဲ့တွင် တည်ရှိမနေနိုင်သည့်အတွက် ၆ လ အတွင်း အမတ် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ထွက်ပေးရမည်ဆိုသော အဓိပ္ပာယ်ရှိသည့်ပုဒ်မကို ရုပ်သိမ်းသည်ဟူသော အချက်၊ ဒုတိယ အချက်မှာ ယခုကဲ့သို့ရုပ်သိမ်းခြင်းသည် အမြဲတမ်းရုပ်သိမ်းခြင်း မဟုတ်ဘဲ၊ ယာယီရုပ်သိမ်းခြင်းမျှသာဖြစ်ကြောင်း၊ ၁၉၆၀ ခုနှစ်တွင် ကျင်းပရန်အချိန်စေ့ရောက်သည့် အထွေထွေရွေးကောက်ပွဲကြီးမှ တင်မြှောက်မည့်ပါလီမန်က နိုင်ငံတော်ဝန်ကြီးချုပ်သစ်တဦးကို ရွေးချယ်ရမည့်အချိန်အထိသာ ဖြစ်ကြောင်း၊ တတိယအချက်မှာ ဥပဒေတခုကို ရုပ်သိမ်းရာ၌ ထည့်ရိုးထည့်စဉ်ဖြစ်သော ဥပဒေ အသုံးအနှုန်းများဖြစ်ကြောင်း၊ ပြင်ဆင်ချက် ဥပဒေပုဒ်မ ၂-၌ "ရုပ်သိမ်းသည်" ဆိုသော စကားလုံးကို သုံးနှုန်းရခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၀၇ အရ အခြေခံဥပဒေကို ပြင်ဆင်ရန် နည်းလမ်း ၃ ခုသာ သတ်မှတ်ထားကြောင်း၊ ယင်းတို့မှာ (၁) ပြောင်းခြင်း (၂) ဖြည့်ထည့်ခြင်း (၃) ရုပ်သိမ်းခြင်းတို့ ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်း ၃ ခု အနက် ရုပ်သိမ်းခြင်းနည်းမှ လွဲ၍ အခြားနည်းများကို သုံးရန်မဖြစ်နိုင်ကြောင်း၊ ရုပ်သိမ်းသည်ဆိုသော စကားရပ်ကို အသုံးပြုသည့်အတွက် ပုဒ်မ ၁၁၆ သည် ထာဝစဉ်ရုပ်သိမ်းခံရခြင်း မဟုတ်ပါကြောင်း၊ ယခု ပြင်ဆင်ချက် ဥပဒေပုဒ်မ ၁ (၂) တွင် ပါရှိသည့်အတိုင်း နောင်လာမည့် အထွေထွေရွေးကောက်ပွဲကြီးမှ တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်သစ်တဦး ရွေးချယ်ပြီးသည့်အချိန်အထိ ဖြစ်သည်ဟု အတိအကျဆိုထားကြောင်း စသည့်အချက်များဖြစ်ကြပါသည်။

၃၄။ ဤသို့ ဦးကျော်ငြိမ်းက အကျယ်တဝင့် ရှင်းလင်းတင်သွင်းသွားသောအဆိုကို ထိုနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တရားမျှတမှုပါတီခေါင်းဆောင် ဒေါက်တာဦးဧမောင်နှင့် ရှမ်းအမျိုးသား အမတ်များကိုယ်စားလှယ် ဦးဘိုးမူ တို့က ထောက်ခံဆွေးနွေးကြသည်။

## (ဈ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်အတည်ပြုခြင်း

၃၅။ ထို့နောက် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး၌ လွှတ်တော်ဥက္ကဋ္ဌ ဦးတင်က အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးဆွဲထားသည့် ၁၉၅၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်း အဆိုတင်သွင်းချက်ကို သဘောတူ မတူ မဲခွဲရာ လွှတ်တော်အမတ်အများစုက သဘောတူသဖြင့် အဆိုအတည်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် လူမျိုးစုလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည်။

၃၆။ ထိုသို့ လူမျိုးစုလွှတ်တော်ကလည်း အတည်ပြုသဖြင့် ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲ

ကျင်းပသည့်အချိန်အထိ အခြေခံဥပဒေ ပုဒ်မ ၁၁၆ ကိုခေတ္တယာယီရပ်သိမ်းထားရန် အတွက် ၁၉၅၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို အပြီးအပြတ်ဆုံးဖြတ်ပြဋ္ဌာန်းနိုင်ရန် ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်းအစည်းအဝေးကို အတွင်းဝန်များရုံးရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ လူမျိုးစုလွှတ်တော်နာယက စဝ်ရွှေသိုက်က သဘာပတိအဖြစ် ဆောင်ရွက်၍ ကျင်းပခဲ့သည်။ ဆုံးဖြတ်မဲခွဲရာ လွှတ်တော်နှစ်ရပ်ပေါင်းရှိ အမတ်ဦးရေ ၃၆၇ ဦးရှိသည့်အနက် ၃၀၄ ဦးက သဘောတူထောက်ခံခဲ့သည်။ အတည်ပြုရာ၌ ဆန္ဒမဲ သုံးပုံ နှစ်ပုံ ရရမည်ဟု ပြဋ္ဌာန်းချက်ရှိသဖြင့် အမတ်ဦးရေ ၂၄၅ ဦးရလျှင်ပင် သုံးပုံ နှစ်ပုံ ပြည့်ပြီးဖြစ်ရာ ယခုအတည်ပြုသည့်ဘက်မှ မဲပေးသည့်အမတ်ဦးရေ ၃၀၄ ဦးရှိသဖြင့် သုံးပုံ နှစ်ပုံ ထက်ပင် ကျော်လွန်ခဲ့သည်။

၃၇။ သို့ဖြစ်၍ ၁၉၅၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေသစ်ကို ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကလည်းကောင်း၊ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် လူမျိုးစုလွှတ်တော်ကလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ လွှတ်တော်နှစ်ရပ် တွဲဖက်ညီလာခံအစည်းအဝေးကလည်းကောင်း အဆင့်ဆင့် အတည်ပြုချက် ရပြီးနောက် နိုင်ငံတော်သမတက အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် တရားဝင်ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။[၃၃]

၃၈။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသော ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**The CONSTITUTION (AMENDMENT) ACT,1959**

**[Act No.4 OF 1959]**

*An Act to amend the Constitution of the Union of Burma.*

It is hereby enacted as follows:-

1. (1) This Act may be called the Constitution (Amendment) Act, 1959.

   (2) It shall remain in force until the date on which the Prime Minister shall have been appointed by the President on the nomination of the next Chamber of Deputies.

---

[၃၃] ။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ၊ စာ-၁၉၂ မှ ၁၉၅ ကိုအကျဉ်းချုပ် ဖော်ပြထားပါသည်။

(3) When this Act ceases to have effect, the provisions of section 5 to the Burma General Clauses Act shall apply.

2. So long as this Act remains in force, the provisions of section 116 of the Constitution shall be deemed to have been replaced.

## ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ။

## [၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄]

<u>ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန် အက်ဥပဒေ။</u>

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်မှ အမည်တင်သွင်းသော ပုဂ္ဂိုလ်အား၊ နိုင်ငံတော်သမတက၊ ဝန်ကြီးချုပ် ခန့်ထားသည့် နေ့ရက်တိုင်အောင် အာဏာတည်နေစေရမည်။

(၃) ဤအက်ဥပဒေအာဏာတည်ခြင်းမှ ရပ်စဲသည့်အခါ၊ မြန်မာနိုင်ငံတော်ယေဘုယျစကားရပ်အက်ဥပဒေပါ ပုဒ်မ ၅ ရှိ ပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်စေရမည်။

၂။ ဤအက်ဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ ပါ ပြဋ္ဌာန်းချက်များကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

၃၉။ ပါလီမန်အမတ်မဟုတ်သော်လည်း အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအား ၆ လကာလအထိ အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ခွင့်ပြုသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ ကို ယာယီ ရုပ်သိမ်းသည့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေအမှတ် ၄/၁၉၅၉ ပုဒ်မ ၁ ၊ ပုဒ်မခွဲ (၃) တွင် ရည်ညွှန်းထားသော မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ၏ ဆိုလိုရင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ အား ယာယီ

ရုပ်သိမ်းလိုက်ပြီးနောက် ယင်းဥပဒေရုပ်စဲသွားသည့်အခါတွင် အဆိုပါပုဒ်မအရ ဥပဒေရုပ်သိမ်းထားစဉ်က ဆောင်ရွက်ချက်များကို မထိခိုက်စေရဟု ဆိုလိုခြင်းဖြစ်ပါသည်။

၄၀။ ၁၉၅၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ အမှတ် ၄ ပါ ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) အရ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ဗိုလ်ချုပ်မှူးနေဝင်း၏အိမ်စောင့်အစိုးရ ဒုတိယအကြိမ် တာဝန်ယူပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်မှ အမည်စာရင်းတင်သွင်းသော ဦးနု အား နိုင်ငံတော်သမတက ဝန်ကြီးချုပ်ခန့်ထားသည့် ၄-၄-၁၉၆၀ ရက်နေ့ထိ အာဏာတည်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ၄-၄-၁၉၆၀ ရက်နေ့ထိ အာဏာတည်သည့်အတွက် အဆိုပါဥပဒေပုဒ်မ ၂ အရ ထိုနေ့၏နောက်နေ့မှစ၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ သည်လည်း ပြန်လည်အာဏာသက်ဝင်သည်ကို တွေ့ရှိရပါသည်။

၄၁။ ၁၉၅၉ ခုနှစ်တွင် ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား နှစ်ကြိမ်ပြင်ဆင်ခဲ့ရာ အထက်ပါပြင်ဆင်ချက်ဥပဒေကို ၂၆-၂-၁၉၅၉ နေ့တွင်ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေကို ၁၇-၃-၁၉၅၉ နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ။**

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၀။]

[ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန် အက်ဥပဒေ။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ထပ်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည့်နေ့ရက်၏ နောက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၄ ၏ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၈၃ ၏ ပုဒ်မခွဲ (၁) တို့ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄၂။ ပထမအကြိမ်ပြင်ဆင်ချက်မှာ ကာလတစ်ခုအထိ ကန့်သတ်၍ ဥပဒေကို ရုပ်သိမ်းခြင်းဖြစ်ပြီး ဒုတိယအကြိမ်ပြင်ဆင်ချက်မှာ ရုပ်သိမ်းသည့် ဥပဒေအာဏာသက်ဝင်သည့်နေ့ရက်ကို ကန့်သတ်ဖော်ပြထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄၃။ သို့ဖြစ်၍ ဗိုလ်ချုပ်မှူးနေဝင်း ၆-၂-၁၉၆၀ နေ့တွင် ကျင်းပပေးခဲ့သည့် အထွေထွေရွေးကောက်ပွဲအရ ပေါ်ပေါက်လာသော ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည့်နေ့ရက်၏ နောက်နေ့တွင် စတင်အာဏာတည်မည်ဖြစ်သော်လည်း ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့၌ တော်လှန်ရေးကောင်စီအစိုးရတက်လာသဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းမရှိတော့ပါ။ ဤသို့ တင်ပြရခြင်းမှာ ရုပ်သိမ်းသည့် ဥပဒေနှစ်ခု၏ အာဏာတည်သည့်နေ့ရက်သတ်မှတ်ပုံ ထူးခြားချက် နှင့် ပြင်ဆင်ပုံပြင်ဆင်နည်း ကွာခြားချက်တို့ကို ဗဟုသုတအလို့ငှာ သိရှိနိုင်ကြစေရန်ရည်ရွယ်၍ တင်ပြရခြင်းဖြစ်ပါသည်။

## ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပုံ နှိုင်းယှဉ်ချက်

၄၄။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာလေ့လာသူပညာရှင်များက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးမှု (Supremacy of Constitution)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရ (Aim and Spirit of Constitution)၊ အာဏာခွဲဝေပိုင်းခြားခြင်း (Separation of Powers)၊ တရားဥပဒေစိုးမိုးရေး (Rule of Law)၊ ဖက်ဒရယ်စနစ် သို့မဟုတ် တစ်ပြည်ထောင်စနစ်၏ ဝိသေသလက္ခဏာများ (Characteristics of Federal or Unitary)၊ သမ္မတစနစ် (Presidential System) သို့မဟုတ် ပါလီမန်စနစ် (Parliamentary System) စသော အစိုးရစနစ်၊ နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးနှင့်တာဝန်များ (Fundamental Rights and Duties of Citizens)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး(Constitutional Review) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း (Amendment of the Constitution) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအင်္ဂါရပ်များ (Essential Features) သို့မဟုတ် အခြေခံ တည်ဆောက်ပုံများ (Basic Structures) ဖြစ်သည်ဟု ဆိုကြသည်။ ထိုအခြေခံအင်္ဂါရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထာဝရတည်မြဲနေသောပြဋ္ဌာန်းချက်များ (Eternal Clauses) ဟု လည်းခေါ်ဆိုကြသည်။[၁၄]

၄၅။ အဆိုပါ အခြေခံအင်္ဂါရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် မူသဘောတရားများဖြစ်ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုက်နာ

[၁၄] ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ် အမှတ်(၂)

ရသည့် အခြေခံမူများလည်း ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆(က) တွင်ဖော်ပြထားသည့် နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတတို့၏ အရည်အချင်းများ၊ ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်း၊ တရားရုံးများဖွဲ့စည်းခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ပြဋ္ဌာန်းချက်များ အစရှိသည်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ၊ အခြေခံတည်ဆောက်ပုံအင်္ဂါရပ်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်ကြသည်။ ၎င်းတို့ကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်ပြီး အဆိုပါပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၃၆(ခ) တွင်ဖော်ပြထားသည့်အတိုင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်ပါသည်။

၄၆။ ယခုလွှဲအပ်မှုတင်သွင်းစဉ်က အတည်ဖြစ်ခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းအား ယင်းဥပဒေ အခန်း ၁၁ ၌ ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၂၀၉ အပိုဒ်ခွဲ(၁)၊ (၂) ၊(၃) တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၌ စတင်တင်သွင်း၍ လွှတ်တော်အသီးသီးကအတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်ပေါင်း တွဲဖက်အစည်းအဝေး၌ စဉ်းစားဆွေးနွေးရမည်ဖြစ်သည်။ ထို့နောက် လွှတ်တော်နှစ်ရပ်ပေါင်း၏ လက်ရှိအမတ်များအနက် သုံးပုံနှစ်ပုံအောက်မလျော့သောအမတ်များက တွဲဖက်အစည်းအဝေးတွင် ထောက်ခံ၍ မဲပေးမှသာ အဆိုပါဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုသည်ဟု မှတ်ယူနိုင်မည်ဖြစ်ပါသည်။

၄၇။ သို့သော် ယင်းဥပဒေပုဒ်မ ၂၀၉ (၄) တွင် ဖော်ပြထားသည့် -

(က) တတိယဇယားရှိ ပြည်နယ်ဥပဒေပြုစာရင်းကိုသော်၎င်း

(ခ) စတုတ္ထဇယားရှိ ပြည်နယ်အခွန်တော်စာရင်းကိုသော်၎င်း

(ဂ) ပါလီမန်တွင် ပြည်နယ်အသီးသီးဆိုင်ရာ ကိုယ်စားလှယ်အမတ်ဖြစ်ရန် လိုအပ်သော အရည်အချင်း ပျက်ယွင်းခြင်းမရှိစေရဟု ပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁) ရှိ အပိုဒ်(ဃ) အရ ကျေညာထားသော ပါလီမန်အက်ဥပဒေကိုသော်၎င်း

ပြင်ဆင်လိုပါက လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးသို့ တက်ရောက်မဲပေးသော သက်ဆိုင်ရာပြည်နယ်မှ သို့တည်းမဟုတ် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်အမတ်များက ထောက်ခံမဲပေးခြင်းပြုမှသာလျှင် လွှတ်တော်နှစ်ရပ်လုံး၏တွဲဖက်အစည်းအဝေးတွင် အတည်ပြုချက်ကို ရသည်ဟု မှတ်ယူနိုင်မည်ဖြစ်ပါသည်။

၄၈။ ထို့ပြင် ယင်းဥပဒေပုဒ်မ ၂၀၉(၅) တွင် ဖော်ပြထားသည့် - ဤအခြေခံဥပဒေက ချင်းအမျိုးသားများအားပေးအပ်ထားသောအခွင့်အရေးကို ယုတ်လျော့စေမည့်ဥပဒေကြမ်းကို တွဲဖက်အစည်းအဝေးသို့တက်ရောက်မဲပေးသော ကိုယ်စားလှယ်အမတ်များရာနှင့် ချင်းအမျိုးသားကိုယ်စားလှယ်အမတ်များက ထောက်ခံမဲပေးခြင်းပြုမှသာလျှင် လွှတ်တော်နှစ်ရပ်လုံး၏ တွဲဖက်အစည်းအဝေးတွင် အတည်ပြုချက်ကို ရသည်ဟု မှတ်ယူနိုင်မည်ဖြစ်ပါသည်။

၄၉။ သို့ဖြစ်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၀၉(၄) နှင့် (၅) အရ ပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့်အခါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ရမည့်ပြဋ္ဌာန်းချက်မျိုး မပါရှိသော်လည်း ပါလီမန်လွှတ်တော်နှစ်ရပ်ရှိ ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံ ဖြင့်သာ ပြင်ဆင်၍မရနိုင်ဘဲ သက်ဆိုင်ရာပြည်နယ်အမတ်များက ဥပဒေနှင့်အညီ ထောက်ခံမဲပေးမှသာ ပြင်ဆင်နိုင်သည်ကို တွေ့ရှိရပါသည်။

**THE BURMA GENERAL CLAUSES ACT.[BURMA ACT I, 1898]နှင့်ဆက်စပ်ဥပဒေများ**

၅၀။ အစိုးရတစ်ရပ်နှင့်တစ်ရပ်အကြား ပြောင်းလဲရာ၌လည်းကောင်း၊ ဥပဒေတစ်ရပ်ကို ပြင်ဆင်ပြဋ္ဌာန်းရာ၌လည်းကောင်း အသုံးအများဆုံးဖြစ်သည့် THE BURMA GENERAL CLAUSES ACT နှင့်စပ်လျဉ်း၍ တင်ပြလိုပါသည်။ THE BURMA GENERAL CLAUSES ACT ကို ၁၈၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၆၅ ခုနှစ် The Union of Burma Revolutionery Council law No.10 ၊ THE BURMA GENERAL CLAUSES ACT Amending Law ဖြင့် တစ်ကြိမ်ပြင်ဆင်ခဲ့သည်။ ထို့နောက် ၅-၁၂-၁၉၇၃ နေ့၌ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးအက်ဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ယနေ့အထိ အာဏာသက်ဝင်လျှက် ရှိပါသည်။ ယင်းဥပဒေဖြင့် THE BURMA GENERAL CLAUSES ACT ကို ရုပ်သိမ်းခဲ့သည်။

၅၁။ ထို့ပြင် အစိုးရအဆက်ဆက်ပြောင်းလဲသည့်အခါ ပြဋ္ဌာန်းပြီးဥပဒေများတွင် အခေါ်အဝေါ် စကားရပ်များအား Adaptation of Law အရ ပြောင်းလဲသတ်မှတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေများကို အောက်ပါအတိုင်း ဖော်ပြလိုပါသည်-

(၁) ၄-၁-၁၉၄၈ ရက်နေ့၌ The Union of Burma 1948 (Adaptation of Laws) Order

(၂) ၁၂-၃-၁၉၆၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ကြေညာချက် အမှတ် ၂၂ ၊

(၃) ၃၀-၃- ၁၉၆၂ နေ့တွင် တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၂၈ ၊

(၄) ၁၉၆၅ ခုနှစ်တွင် စကားရပ်များပြောင်းလဲရေး အက်ဥပဒေ အမှတ် ၉ ၊

(၅) ၇-၈-၁၉၇၄ နေ့တွင် ဥပဒေစကားရပ်များကို အစားထိုးပြောင်းလဲခြင်း အမိန့်ကြော်ငြာစာ၊

(၆) ၂၅-၇-၁၉၈၆ နေ့တွင် ဥပဒေစကားရပ်များကို အစားထိုးပြောင်းလဲခြင်း အမိန့်ကြော်ငြာစာ၊

(၇) ၁၉-၁၀-၁၉၈၈ နေ့တွင် စကားရပ်များအစားထိုးသည့် ဥပဒေ၊

(၈) ၁၉၈၉ ခုနှစ်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၂ ဖြင့် စကားရပ်များအစားထိုးသည့်ဥပဒေအရ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း၊

(၉) ၁၈-၆-၁၉၈၉ နေ့တွင် စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ၊

(၁၀) ၁၇-၁၁-၁၉၉၇ ခုနှစ်တွင် စကားရပ်များ အစားထိုးသည့်ဥပဒေ၊

(၁၁) ၂၇-၁-၂၀၁၁ ခုနှစ်တွင် စကားရပ်များအစားထိုးခြင်းဆိုင်ရာဥပဒေ၊

(၁၂) ၈-၁၁-၂၀၁၉ ခုနှစ်တွင် စကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေ၊

(၁၃) ၁၁-၁၀-၂၀၂၁ နေ့တွင် စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ။

၅၂။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ The Union of Burma 1948 (Adaptation of Laws) Order ကို ပြဋ္ဌာန်းသည့်အခါ ယခင်လွတ်လပ်ရေးမရမီက “ British Burma or Burma” အသုံးအနှုန်းအား “ The Union of Burma” ဟု လည်းကောင်း၊ အုပ်ချုပ်သူ “Crown” ဟူသော အသုံးအနှုန်းအား Government ဟု လည်းကောင်း၊ “The High Court of Judicature at Rangoon” အား “High Court” ဟုလည်းကောင်း စသည်ဖြင့် စကားရပ်များအစားထိုးပြောင်းလဲသုံးစွဲခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတည်ဖြစ်ပြီးနောက် ယင်းဥပဒေပုဒ်မ ၁၃၄ အရ တရားလွှတ်တော်တစ်ရပ်ဖွဲ့စည်းရန်လည်းကောင်း၊ ပုဒ်မ ၁၃၆ အရ တရားလွှတ်တော်ချုပ်တစ်ရပ် ဖွဲ့စည်းရန်လည်းကောင်း ပြဋ္ဌာန်းထားသဖြင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၃ အရ တရားလွှတ်တော်ချုပ်ကိုလည်းကောင်း၊ ပုဒ်မ ၁၃ အရ တရားလွှတ်တော်ကို လည်းကောင်းဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့ပါ၍ အထက်ပါဥပဒေမျိုး (Adaptation of Law )ကို မဖြစ်မနေ ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။

၅၃။ ၂၅-၇-၁၉၈၆ နေ့တွင် ထွက်ရှိသည့် ၁၉၈၆ ခုနှစ် ဥပဒေ စကားရပ်များကို အစားထိုးပြောင်းလဲခြင်း အမိန့်ကြော်ငြာစာအမှတ် ၃၆/၈၆ နှင့် ၁၉၇၄ ခုနှစ် ဥပဒေစကားရပ်များကို အစားထိုး

ပြောင်းလဲခြင်း အမိန့်ကြော်ငြာစာတို့တွင် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ ၂၈ ကို ညွှန်းကာ ထိုပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကောင်စီက ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြချက်အရ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို အမှီပြု၍ ဥပဒေ စကားရပ်များ၊ အခေါ်အဝေါ်များအား အစားထိုးပြောင်းလဲသတ်မှတ်ခြင်းဥပဒေကို ထုတ်ပြန် ကြေညာလေ့ရှိကြောင်း နောင်တွင် ဥပဒေလေ့လာသူများအနေဖြင့် တစ်စုတစ်စည်းတည်း ရရှိနိုင်ရန် အလို့ငှာ ရနိုင်သရွေ့စုဆောင်းတင်ပြခြင်းဖြစ်ပါသည်။

## အမှုပိတ်သိမ်းရသည့်အကြောင်းအရင်း

၅၄။ ယခုလွှဲအပ်မှုနှင့်စပ်လျဉ်း၍ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် တနင်္လာနေ့တွင် ကြားနာရန် ချိန်းဆိုထားသော်လည်း ပြည်သူ့ပါလီမန်လွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၁၁၆ ကို လိုအပ်သောအချက်များ ပြင်ဆင်ရန် အရေးယူဆောင်ရွက်နေပြီဖြစ်၍ အဆိုပါပုဒ်မနှင့်စပ်လျဉ်းပြီး ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲဖြင့် တရားလွှတ်တော်ချုပ်၏ အကြံဉာဏ်ကို တောင်းခံထားသော သမတကြီး ဦးဝင်းမောင်က တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို မလိုအပ်တော့ပါဟူ၍ ယူဆသောကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ တရားလွှတ်တော်ချုပ်သို့ ပေးပို့သော နိုင်ငံတော်သမတ၏ စာကို ပြန်လည် ရုပ်သိမ်းလိုက်ကြောင်း အကြောင်းကြားခဲ့သည့်အတွက်လည်းကောင်း ယခုလွှဲအပ်မှုအား တရား လွှတ်တော်ချုပ်မှ ဆက်လက်ဆောင်ရွက်ရန်မလိုအပ်တော့သဖြင့် အမှုပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

## အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းနှင့်ကျေအေးခြင်း

၅၅။ အမှုပိတ်သိမ်းခြင်းနှင့် အမှုရုပ်သိမ်းခြင်း၊အမှုကျေအေးခြင်းတို့နှင့်စပ်လျဉ်း၍ တရားမမှုများ နှင့် ပြစ်မှုဆိုင်ရာအမှုများတွင် ဆောင်ရွက်ချက်များ ခြားနားပုံကို အောက်ပါအတိုင်း ဆက်လက် တင်ပြလိုပါသည်-

### (က) တရားမမှုခင်းများ၌ အမှုပိတ်သိမ်းခြင်း

၅၆။ တရားမမှုခင်းများ၌ အမှုပိတ်သိမ်းရာတွင် တရားလိုဘက်မှဆန္ဒအရ အမှုပိတ်သိမ်းသကဲ့သို့ ဥပဒေအရ အမှုရပ်စဲသွားသဖြင့် အမှုပိတ်သိမ်းရခြင်းလည်းရှိပါသည်။ သာဓကအားဖြင့် အောက်ပါ စီရင်ထုံးများကို လေ့လာတင်ပြလိုပါသည်။

"မသမာစိတ်ဖြင့်ရာဇဝတ်ကြောင်းစွဲသည့်အတွက် လျော်ကြေးရလိုမှုနှင့် တရားပြိုင်၏

မြေပေါ်တွင် တရားလို၏သွားလာခွင့်ကို တားဆီးသည့်အတွက် လျော်ကြေးရလိုကြောင်း စွဲဆိုမှုတို့တွင် တရားပြိုင်ကွယ်လွန်သည့်အခါ အမှုရပ်စဲသည်”( မရွှေသစ် နှင့် မောင်ဘိုးအောင်)[၁၅]

“အမွေထိန်းစာလျောက်ထားသောအမှုတွင် တရားလိုကွယ်လွန်သည့်အခါ အမှုရပ်စဲသည်” (ဦးဘစိန် နှင့် ကိုလွန်းအောင်)[၁၆]

“ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားသောအမှုတွင် လျှောက်ထားသူ ကွယ်လွန်သည့်အခါ အမှုရပ်စဲသည်”(ဒေါ်တင့် နှင့် ဒေါ်စိမ်းမိ)[၁၇]

“ဘခင်က သားအပေါ်ပစ္စည်းလက်ရောက်ရလိုမှုစွဲဆိုစဉ် ကွယ်လွန်သည့်အခါ အမှုရပ်စဲသည်”(ဒေါက်တာမိုးဇော် နှင့် ဒေါက်တာမျိုးသန်း)[၁၈]

“အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် တရားလိုတစ်ဦးသေဆုံးသည့်အခါဖြစ်စေ၊ တရားပြိုင်တစ်ဦးသေဆုံးသည့်အခါဖြစ်စေ ထည့်သွင်းရမည့် ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်များ ထည့်သွင်းခြင်းမရှိသည့်အခါ အမှုရပ်စဲသည်” (ဒေါ်ငွေမြိုင် နှင့် ဦးမောင်ကလေး)[၁၉]

“အမှုတွင်မပါမဖြစ်ပါဝင်ရမည့် အမှုသည်ကွယ်လွန်၍ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်း မပြုလျှင် အမှုတစ်ခုလုံးရပ်စဲသည်”(ဦးမြခင် နှင့် ဦးချစ်မြ )[၂၀]

## (ခ) ပြစ်မှုဆိုင်ရာအမှုများ၌ ပိတ်သိမ်းခြင်း

၅၇။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အမှုကို အကြောင်းအချက်များစွာဖြင့် ပိတ်သိမ်းနိုင်ပါသည်။ ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၂၄၇ အရ တိုင်တန်းသူမလာရောက်ပါက အမှုကိုအကြောင်းတစ်စုံတစ်ရာကြောင့် ရွှေ့ဆိုင်းသင့်သည်ဟု တရားသူကြီးကမယူဆလျှင် တရားခံအားအမှုမှအပြီးအပြတ်လွှတ်၍ အမှုပိတ်ရမည်ဖြစ်ပြီး တရားခံသေဆုံးသည့်အခါ အမှုရပ်စဲသွားသဖြင့် အမှုပိတ်ခြင်းတို့ရှိပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတ(နိုင်ငံတော်အကြီးအကဲ)က ဥပဒေနှင့်အညီ ကြားနာစစ်ဆေးဆဲအမှုများကို အမိန့်တစ်ရပ်ထုတ်ပြန်၍ အမှုကိုပိတ်သိမ်းစေခြင်းတို့ရှိကြောင်း လေ့လာတွေ့ရှိရသည်။ များမကြာမီက တရားရုံးများတွင် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အမိန့်များရှိရာ လက်လှမ်းမီသလောက်တင်ပြရသော် ၂၀၂၁ ခုနှစ်တွင် အမိန့်

[၁၅] ။ ၁၉၂၁-၂၂၊ အထက်မြန်မာပြည်စီရင်ထုံးများ၊စာ- ၇၃။
[၁၆] ။ ၁၉၅၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)စာ- ၅၅၃။
[၁၇] ။ ၁၉၆၆၊မြန်မာနိုင်ငံတရားစီရင်ထုံးများ(တရားရုံးချုပ်)စာ- ၁၁၉၁။
[၁၈] ။ ၁၉၈၂၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ(ဗဟိုတရားရုံး)စာ-၄၈။
[၁၉] ။ ၁၉၈၃၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ(ဗဟိုတရားရုံး)စာ-၂၁။
[၂၀] ။ ၁၉၈၃၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ(ဗဟိုတရားရုံး)စာ-၁၁၇။

အမှတ် ၁၇၂/၂၀၂၁ နှင့် ၂၀၂၃ ခုနှစ် တွင် အမိန့်အမှတ် ၅၄/၂၀၂၃ တို့ဖြစ်ကြသည်။ အဆိုပါ အမိန့်များနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ညွှန်ကြားချက်အမှတ် ၂/၂၀၂၁ နှင့် ၂/၂၀၂၃ တို့ကို ဆက်လက်ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာ တရားရုံးအသီးသီးမှ အမိန့်ညွှန်ကြားချက်နှင့်အညီ စစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခဲ့ ကြောင်းတွေ့ရှိရပါသည်။

၅၈။ ဤသို့ဆောင်ရွက်ရာ၌ ညွှန်ကြားချက်အမှတ် ၂/၂၀၂၁ တွင် ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်းရာ၌ စိစစ်ရမည့်အချက်များကို ဖော်ပြထားပြီး အဆိုပါအချက်များနှင့်အညီ အမှုပိတ်သိမ်း၍ တရားခံကို အမှုမှလွှတ်ရမည်ဟု ဖော်ပြထားသည့်အပြင် အမှုနေ့စဉ်မှတ်တမ်းတွင် မည်သို့ရေးသားရမည်ဆိုသည်ကိုပါ ဖော်ပြထားသည်။ နေ့စဉ်မှတ်တမ်း၌ ဖော်ပြရမည်မှာ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမိန့်အမှတ် ၁၇၂/၂၀၂၁ နှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရ၍ အမှုကို ပိတ်သိမ်းကြောင်း၊ တရားခံအား အမှုမှ လွှတ်လိုက်ကြောင်း" ဟူ၍ ဖြစ်ပြီး တရားသူကြီးက နေ့စဉ်မှတ်တမ်းတွင် လက်မှတ်ရေးထိုးရမည်ဖြစ်သည်။

၅၉။ ထို့ပြင် အထက်ပါအမိန့်အမှတ် ၁၇၂/၂၀၂၁ အရ တရားရုံးက ပိတ်သိမ်းရမည့် ပြစ်မှုဆိုင်ရာ အမှုများအပေါ် တင်သွင်းလျှောက်ထားသည့် ပြင်ဆင်မှု၊ အထွေထွေမှု စသည့်အမှုတွဲများကိုလည်း မူလရုံးက အမှုကို ပိတ်သိမ်းပြီးကြောင်း အစီရင်ခံတင်ပြလာလျှင် ယင်းတို့၏အမှုတွဲနေ့စဉ်မှတ်တမ်း၌ "မူလပြစ်မှုဆိုင်ရာအမှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမိန့်အမှတ် ၁၇၂/၂၀၂၁ အရ ပိတ်သိမ်းပြီးအမှုဖြစ်၍ ဆက်လက်ဆောင်ရွက်ရန်မလိုသဖြင့် ပိတ်သိမ်းကြောင်း" ဖော်ပြပြီး အမှုပိတ်သိမ်းရမည်ဖြစ်သည်။

၆၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၅၄/၂၀၂၃ တွင်မူ ပိတ်သိမ်းရမည့် အမှုများကို အတိအကျဖော်ပြထားရာ မူလအမှုစစ်တရားရုံးများသည် ထိုအမိန့်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် ၂/၂၀၂၃ တို့နှင့်အညီ သက်ဆိုင်ရာတရားရုံးများတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများမှ တရားခံများနှင့်စပ်လျဉ်း၍ အမှုပိတ်သိမ်းရေးကို ဆောင်ရွက်ရမည် ဖြစ်သည်။ အမှုပိတ်သိမ်း၍ တရားခံများကိုလွှတ်ရာ၌ အချုပ်တရားခံပါဝင်သောအမှုတွင် နေ့စဉ်မှတ်တမ်း၌ လွှတ်မိန့်ထုတ်ပေးပြီးကြောင်း ရေးသားဖော်ပြရမည်ဖြစ်သည်။ အကယ်၍ ပြင်ဆင်မှုဖြစ်စေ၊ အထွေထွေမှုဖြစ်စေ တက်ရောက်နေပါက အထက်တရားရုံးက မူလရုံးသို့ အမှုတွဲကို ချက်ချင်းပြန်ပို့၍ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်စေရမည်ဖြစ်သည်။ အမှုတွဲမရောက်ရှိသေးပါကလည်း ဤညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာအမှုတွဲအငှားဖိုင်တွင် ရေးသားဆောင်ရွက်ရမည်ဟု ပြစ်မှုဆိုင်ရာအမှုများပိတ်သိမ်းခြင်းကိစ္စများအတွက် လုပ်ဆောင်ရမည် နည်းလမ်းများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

၆၁။ ပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားရေးကော်မတီအတွင်းရေးမှူးက အမှုကိုရုပ်သိမ်းသည့် အနေနှင့်ပိတ်ကြောင်း အမိန့်ချမှတ်ခြင်းသည် တရားစီရင်ရေးအဖွဲ့ကချမှတ်သောအမိန့် မဟုတ်သောကြောင့် ဥပဒေနှင့်ဆန့်ကျင်သည်ဟု ၁။ မောင်ကြည်ဝင်း၊ ၂။ မောင်မြကြိုင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်[၂၁] စီရင်ထုံးတွင် ဖွဲ့ဆိုထားကြောင်း လေ့လာတင်ပြအပ်ပါသည်။

**(ဂ) တရားမမှုများကိုရုပ်သိမ်းခြင်း**

၆၂။ အမှုရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားမမှုများတွင် ကျင့်ထုံးဥပဒေအမိန့် ၂၃ **(အမှုကိုရုပ်သိမ်းခြင်းနှင့်ညှိနှိုင်းရှင်းလင်းခြင်း)** ၌ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

**နည်း ၁**

(၁) အမှုစွဲဆိုပြီးနောက် မည်သည့်အခါမဆို တရားလိုသည် တရားပြိုင်အားလုံးအပေါ် ဖြစ်စေ၊ တစ်ဦးဦးအပေါ်ဖြစ်စေ စွဲဆိုသောအမှုကို ရုပ်သိမ်းနိုင်သည်။ သို့မဟုတ် မိမိ၏တောင်းဆိုချက် တစ်စိတ်တစ်ဒေသကို စွန့်လွှတ်နိုင်သည်။

(၂) တရားရုံးသည် -

(က) စွဲဆိုပုံချွတ်ယွင်းသည့်အကြောင်းကြောင့် အမှုမှာ ရှုံးနိမ့်မည်ဖြစ်ကြောင်း၊ သို့မဟုတ်

(ခ) အမှုအကြောင်းအရာ သို့မဟုတ် တောင်းဆိုချက်တစ်စိတ်တစ်ဒေသအတွက် တရားလိုက အသစ်ထပ်မံ၍ အမှုစွဲဆိုလောက်အောင် လုံလောက်သော အခြားအကြောင်းများရှိကြောင်း၊

ကျေနပ်လျှင် သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များသတ်မှတ်၍ ယင်းအမှုအကြောင်းအရာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ယင်းတောင်းဆိုချက် တစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ဖြစ်စေ အမှုသစ်စွဲဆိုခွင့်နှင့်တကွ တရားလိုအားယင်းအမှုကို ရုပ်သိမ်းရန်ဖြစ်စေ၊ တောင်းဆိုချက် တစ်စိတ်တစ်ဒေသကို စွန့်လွှတ်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။ အမှုသစ်စွဲဆိုခွင့်မပါရှိ ပါက ရုပ်သိမ်းပြီးအမှုကို မူလအမှုဖြစ်အကြောင်းချင်းရာနှင့်စပ်လျဉ်း၍ အမှုသစ်ထပ်မံစွဲဆိုခွင့် မရှိပါ။

---

[၂၁] ။ ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ (ဗဟိုတရားရုံး) စာ-၁၁ ။

**(ဃ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနည်းဥပဒေပါ တင်သွင်းလွှာရုပ်သိမ်းခြင်းအတွက် ပြဋ္ဌာန်းချက်များ**

၆၃။ တဖန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနည်းဥပဒေ အခန်း ၅ ၌လည်း တင်သွင်းလွှာရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

**အခန်း (၅)**

**တင်သွင်းလွှာရုပ်သိမ်းခြင်း**

၂၄။ တင်သွင်းသူသည်-

(က) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက်မချမှတ်မီ **မည်သည့်အဆင့်၌မဆို** ခုံရုံး၏ခွင့်ပြုချက်ဖြင့် တင်သွင်းလွှာကို ရုပ်သိမ်းခွင့်လျှောက်ထားနိုင်သည်။

(ခ) ရုပ်သိမ်းခွင့်လျှောက်လွှာ၌ ခိုင်လုံသောအကြောင်းပြချက်ကို ရေးသားဖော်ပြရမည်။

၂၅။ စိစစ်ရေးအဖွဲ့က စီစစ်နေစဉ်အတွင်း တင်သွင်းလွှာကို ရုပ်သိမ်းလိုကြောင်း လျှောက်ထားလာလျှင် စိစစ်ရေးအဖွဲ့သည် ယင်း၏သဘောထားမှတ်ချက်နှင့်အတူ ဥက္ကဋ္ဌ ထံ တင်ပြရမည်။

၂၆။ တင်သွင်းလွှာရုပ်သိမ်းခွင့်ကြားနာရာတွင် နည်းဥပဒေ ၁၀ အရ အကြောင်းကြားပြီးသည့် ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းကိုလည်း သဘောထားတင်ပြခွင့် ပေးရမည်။

၂၇။ ရုပ်သိမ်းခွင့်လျှောက်ထားချက်အပေါ် ခုံရုံးကကြားနာပြီးနောက် သင့်သည်ဟုထင်မြင်သည့် အမိန့်တစ်ရပ်ကိုချမှတ်ပြီး တင်သွင်းလွှာ မှတ်ပုံတင်စာရင်း စာအုပ်တွင် ရေးသွင်းစေရမည်။

၆၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၇-က အရ ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို ဆီလျော်သလိုကျင့်သုံးဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ နိုင်ငံတော်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဦးရားဝမ်ဂျို (ဥက္ကဋ္ဌ)၊ ကချင်ပြည်နယ်လွှတ်တော်က တင်သွင်းသည့် တင်သွင်းလွှာအမှတ် ၂/၂၀၁၄ [၂၂] နှင့် ၎င်းကထပ်မံတင်သွင်းသည့် တင်သွင်းလွှာအမှတ် ၃/၂၀၁၄[၂၃] တို့တွင် တင်သွင်းသူဖြစ်သည့် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ၎င်း၏တင်သွင်းလွှာကို ပြန်လည်ရုပ်သိမ်းရာ၌ အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့သည့်အပေါ် ခုံရုံးက အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခွင့်ပြုခဲ့ခြင်းသည် ခုံရုံးနည်းဥပဒေ ၂၇ နှင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃ ၊ နည်း ၁(၂) အရ ရုပ်သိမ်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ရုပ်သိမ်းခွင့်ပြုရာ၌ တင်သွင်းလွှာကို ခုံဖွဲ့ကြားနာပြီးနောက်မှ ရုပ်သိမ်းခြင်းဖြစ်ပြီး စီရင်ချက်ရေးသား၍ တရားခွင်တွင် အမိန့်ချမှတ်သည်ကို တွေ့ရှိရသည်။

၆၅။ ၁၉၄၉ ခုနှစ် ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်ရင်း အခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတက ဥပဒေကြောင်းဆိုင်ရာကိစ္စကို သိရှိလိုသဖြင့် တရားလွှတ်တော်ချုပ်သို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်ခဲ့သည့် ၁၉၅၂ ခုနှစ်၊ လွှဲအပ်မှုအမှတ် ၃ ကို ရုပ်သိမ်းခွင့်ပြုစဉ်က ကြားနာပြီးနောက်မှ ရုပ်သိမ်းခြင်းဖြစ်သော်လည်း စီရင်ချက်ရေးသားခြင်းမရှိဘဲ အမှုတွဲနေ့စဉ်မှတ်တမ်းတွင် Diary Order ဖြင့် ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

## (c) ပြစ်မှုဆိုင်ရာအမှုများကို ရုပ်သိမ်းခြင်း နှင့် ကျေအေးခြင်း

၆၆။ နိုင်ငံတော်သည် ပြစ်မှုဆိုင်ရာ အမှုမှန်သမျှကို တာဝန်ယူရသည့်အတွက် ပြစ်မှုဆိုင်ရာအမှုများရုပ်သိမ်းရေး၌ စွဲဆိုသော အမှုများအနက် နိုင်ငံတော်က တရားစွဲတင်သော အမှုများကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းလိုလျှင် နိုင်ငံတော်ကသာ ရုပ်သိမ်းရသည်။ နိုင်ငံတော်သည် နိုင်ငံရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ စီမံခန့်ခွဲရေးရှုထောင့် နှင့် တရားစီရင်ရေး ရှုထောင့် စသည့်ရှုထောင့်မျိုးစုံဖြင့် ကြည့်ရှုသုံးသပ်ပြီးလျှင် ပြစ်မှုဆိုင်ရာအမှုရုပ်သိမ်းရေးကိစ္စကို အဆုံးအဖြတ်ပေးပါသည်။ နိုင်ငံတော်က တရားစွဲတင်ခြင်းမပြုဘဲ ကာယကံရှင်က တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသော သမ္မန်မှုများတွင်လည်း လျှောက်ထားသူက အမှုကို ရုပ်သိမ်းလိုလျှင် တရားရုံးကခွင့်ပြုမှသာ ရုပ်သိမ်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြစ်မှုဆိုင်ရာအမှုများတွင် အမှုဖြစ်ပွားသူ အချင်းချင်းကျေနပ်ရုံမျှဖြင့် အလွယ်တကူရုပ်သိမ်းခြင်း၊ အဆုံးသတ်ခြင်း မပြုနိုင်ပါ။ နိုင်ငံတော်ကိုယ်စားတရားစွဲဆိုသောအဖွဲ့အစည်းများ၊ တရားရုံးများက ကျေနပ်မှသာလျှင် ရုပ်သိမ်း

[၂၂] ။ ၂၀၁၄ ခုနှစ်၊ စီရင်ထုံးများ(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံးရုံး)စာ-၆၃။
[၂၃] ။ ၂၀၁၄ ခုနှစ်၊ စီရင်ထုံးများ(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံးရုံး)စာ-၆၉။

နိုင်ကြောင်း ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက် ၁၁ ပါ ပြစ်မှုဆိုင်ရာအမှုများ ရုပ်သိမ်းရေး၏ အခြေခံသဘောတရားကို အလျဉ်းသင့်၍ ဖော်ပြအပ်ပါသည်။

၆၇။ ပြစ်မှုများရုပ်သိမ်းခြင်းပြုရာ၌ ကျင့်ထုံးပုဒ်မ ၂၄၈ နှင့် ၄၉၄ တို့အရ မည်သို့ဆောင်ရွက်ရမည်ကို ၁၉၇၅ ခု၊ ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက် အမှတ် ၁၁ ဖြင့် အဆင့်ဆင့်သော တရားစီရင်ရေးအဖွဲ့များက လိုက်နာရန် ထုတ်ပြန်ခဲ့ပြီး ယနေ့ထက်တိုင် အဆိုပါမူကို အခြေပြု၍ ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ရှေ့နေချုပ်နည်းဥပဒေ၌ ရုပ်သိမ်းခြင်း နှင့်စပ်လျဉ်း၍ အပြည့်အစုံ လမ်းညွှန်ထားပါသည်။

၆၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၈ အရ အပြီးသတ်အမိန့်မချမှတ်မီ မည်သည့်အခါတွင်မဆို တိုင်တန်းချက်ကိုရုပ်သိမ်းခွင့်ပြုရန် လုံလောက်သောအကြောင်းဖြင့် တရားရုံးက ကျေနပ်လက်ခံအောင် တရားလိုဘက်ကတင်ပြလျှင် တရားရုံးသည် အမှုကိုရုပ်သိမ်းခွင့်ပြု၍ တရားခံအားအမှုမှအပြီးအပြတ်လွှတ်ရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရရုပ်သိမ်း လျှင် အမှုသည်က ရုပ်သိမ်းခွင့်မရှိ၊ နိုင်ငံတော်ကိုယ်စား သက်ဆိုင်ရာဥပဒေရုံးက ရုပ်သိမ်းခွင့်လျှောက်ထားမှသာ တရားရုံးက ရုပ်သိမ်းခွင့်ပြု သင့် မသင့် သုံးသပ်ဆုံးဖြတ်နိုင်သည်။ ကျင့်ထုံး ပုဒ်မ ၄၉၄ (က) အရ စွဲချက်မတင်မီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားခံအား စွဲချက်မတင်မီလွှတ်ကြောင်း အမိန့်ချမှတ်ပြီး၊ ကျင့်ထုံးပုဒ်မ ၄၉၄(ခ) အရ စွဲချက်တင်ပြီးနောက်မှ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ရမည်ဖြစ်သည်။ မည်သည့်အတွက် ရုပ်သိမ်းခွင့်ပြုကြောင်းကိုဖော်ပြ၍ စီရင်ချက်ရေးသား အမိန့်ချမှတ်ရမည်ဖြစ်ပြီး ဆောင်ရွက်ချက်ကို အမှုတွဲနေ့စဉ်မှတ်တမ်းတွင် ဖော်ပြရမည်ဖြစ်သည်။

၆၉။ ပြစ်မှုများကိုကျေအေးခြင်းနှင့်စပ်လျဉ်း၍ ကျင့်ထုံးပုဒ်မ ၃၄၅ အရ မည်သို့ဆောင်ရွက်ရမည်ကို ၁၉၇၉ ခု၊ ပြည်သူ့တရားသူကြီး အဖွဲ့ညွှန်ကြားချက် အမှတ် ၁၇ ဖြင့် လမ်းညွှန်ထားပါသည်။ ကျင့်ထုံးပုဒ်မ ၃၄၅(၁)အရ ကျေအေးနိုင်သောအမှုများမှာ တရားရုံး၏ ခွင့်ပြုချက်မလိုဘဲ နစ်နာသူများက ကျေအေးလိုကြလျှင် ကျေအေးနိုင်သည့် အမှုများဖြစ်သည်။ ကျင့်ထုံးပုဒ်မ ၃၄၅(၂)အရ ကျေအေးနိုင်သောအမှုများမှာမူ တရားရုံး၏ခွင့်ပြုချက်ဖြင့်သာ ကျေအေးနိုင်မည်ဖြစ်ပါသည်။ အမှုကျေအေးကြောင်းနှင့် စွပ်စွဲခံရသူအား အပြီးအပြတ်လွှတ်ကြောင်းကို အမှုနေ့စဉ်မှတ်တမ်း၌ ရေးသားအမိန့်ချရမည်ဖြစ်သည်။ ကျေအေးသည့်အမှုများတွင် တရားခံအား တရားရှင်လွှတ်ခြင်း မရှိပါ။

**နိဂုံး**

၇၀။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်လိုက်သည့်အတွက် နိုင်ငံတော်သမတ တင်သွင်းခဲ့သည့် လွှဲအပ်လွှာအပေါ် တရားလွှတ်တော်ချုပ်က ဆက်လက်အရေးယူဆောင်ရွက်ရန်အကြောင်း/ တစ်နည်းအားဖြင့် Cause of Action မရှိတော့ကြောင်း တွေ့ရှိရပါသည်။ တရားလွှတ်တော်ချုပ်က အမှုကိုပိတ်သိမ်းလိုက်သည့်အတွက် ယခုလွှဲအပ်မှုနှင့်စပ်လျဉ်းသည့် တရားလွှတ်တော်ချုပ်၏ ထင်မြင်ချက်၊ သုံးသပ် ယူဆချက်များကို မသိရှိရတော့သော်ငြားလည်း ယခုအမှုအားပြုစုတင်ပြရခြင်းကြောင့် အမှုနှင့် သက်ဆိုင်ရာဥပဒေအယူအဆများ နှင့် ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ၏ သမိုင်းကြောင်း အစရှိသည်တို့အား လေ့လာသိရှိခဲ့ရကြောင်း တင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


၁။ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

၂။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥနည်းပဒေ

၄။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊ မြန်မာ့နိုင်ငံရေး၊ ဒုတိယတွဲ

၅။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းဦးစီးဌာနကထုတ်ဝေသော ၁၉၅၈-၁၉၆၂ ခုနှစ်၊ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ၊ ၂၀၁၃ ခုနှစ်

၆။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

၇။ တရားမကျင့်ထုံးဥပဒေ

၈။ ဦးမြ၊ ပြစ်မှုနှင့်တရားမဥပဒေလက်တွေ့

၉။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့တရားသူကြီးအဖွဲ့က ထုတ်ပြန်သည့် ညွှန်ကြားချက်များ (အမှတ် ၁ မှ ၃၈ အထိ)၊ (၁၉၇၄ မှ ၁၉၈၈)

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးညွှန်ကြားချက်များစာအုပ် (၂၀၂၂ ခုနှစ် နှင့် ၂၀၂၃ခုနှစ်)

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ထုတ်ဝေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးရာ ဂျာနယ် အမှတ် (၂)